ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ ကြာသပတေးနေ့၊ (8-6-2006) (၄၉၈၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဟန်ဂေရီသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာအန်ဒရက်စ်၊ ဘာလိုဂ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ အန်ဒရက်စ်၊ ဘာလိုဂ်အား နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာအန်ဒရက်စ်၊ ဘာလိုဂ်က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။
(သတင်းစဉ်)

ယနေ့ မိုးလေဝသ

(၈–၆–၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၈-၆-၂၀၀၆
(ကြာသပတေးနေ့)

သက်ရှည်ကျန်းမာကြံ့ခိုင်စေရာ အသိပညာပေးမှု ဂရုပြုလိုက်နာ

ကျန်းမာရေးသည် လူတိုင်းအတွက် အဓိကလိုအပ်ချက်ဖြစ်ရာ အသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးမှုများကို အစဉ်သတိပြုလိုက်နာကြရန် လိုအပ်သည်။

ပြည်သူများ ရောဂါဘယ ကင်းဝေးစေရေးအတွက် သတိပြုကြရမည့် ရောဂါများနှင့်စပ်လျဉ်း၍ ဗဟုသုတများ ဖြန့်ဝေပေးနေသည်။ အချိန်ရာသီအလိုက် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်၍ အသိပညာပေးလျက်ရှိသည်။

သတိပြုကာကွယ်ရမည့် ရောဂါတစ်ခုမှာ သွေးတိုးရောဂါဖြစ်သည်။ ကမ္ဘာ့နိုင်ငံအများအပြားတွင် အဆိုပါရောဂါဝေဒနာ တွေ့ကြုံခံစားနေကြရပြီး အရွယ်ရောက်သူများအနက် လူသန်းပေါင်း ၁၅၀၀ ခန့်မှာ သွေးတိုးရောဂါဝေဒနာရှင်များဖြစ်ကြသည်။

သွေးတိုးရောဂါသည် နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါများကို ဖြစ်စေနိုင်သော အဓိကအကြောင်းရင်း ရောဂါတစ်ခုဖြစ်သည့်အပြင် ရောဂါလက္ခဏာမရှိဘဲ ရုတ်တရက် သေဆုံးနိုင်သည်။ အဆိုပါရောဂါရှိသူများသည် ခေါင်းကိုက်ခြင်း၊ မျက်စိဝေခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မောဟိုက်ခြင်းလက္ခဏာများ ရှိနိုင်၍ အခါအားလျော်စွာ သွေးပေါင်ချိန်စစ်ဆေးသင့်သည်။

သွေးတိုးရောဂါရှိသူများအနေဖြင့် ရောဂါကြောင့် ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းကြရန် လိုအပ်သည်။ မိမိ၏ ကိုယ်အလေးချိန်ကို ထိန်းသိမ်းလျှော့ချခြင်း၊ ဟင်းသီးဟင်းရွက် အသီးအနှံများများစားသုံးခြင်း၊ အငန်ဓာတ်ပါသော အစားအစာများလျှော့စားခြင်းတို့ ပြုလုပ်သင့်သည်။

ထို့အပြင် ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရက်အလွန်အကျွံသောက်သုံးမှုမပြုခြင်း၊ စိတ်ဖိစီးမှုနည်းအောင်နေထိုင်ခြင်း၊ ပုံမှန်ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခြင်းနည်းလမ်းများကျင့်သုံး၍လည်း စနစ်တကျ နေထိုင်စားသောက်သွားရန် လိုအပ်မည်ဖြစ်သည်။

လူတိုင်းလူတိုင်း ကျန်းမာခြင်းသုခ ပြည့်စုံစေရန် ရောဂါကြိုတင်ကာကွယ်ရေး၊ ကုသရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိရာ သွေးတိုးရောဂါ၊ တီဘီရောဂါ၊ ခုခံအားကျဆင်းမှုရောဂါကြီးများအပါအဝင် ဝမ်းလျှောဝမ်းပျက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ စသည်တို့ မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးအသိအမြင်ဖြင့် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာတိုင်း၌ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးများကို ဂရုပြုလိုက်နာကျင့်သုံးခြင်းဖြင့် လူတိုင်းအသက်ရှည်၊ ကျန်းမာကြံ့ခိုင်မှုဖြင့် ပြည့်စုံကြမည်ဖြစ်ပါသည်။ ။

ရန်ကုန်တောင်ပိုင်းခရိုင်၌ စီမံကိန်းတာဝန်ပေးအပ်

ရန်ကုန် ဇွန် ၇

ရန်ကုန်တောင်ပိုင်းခရိုင်၏ ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်မြင့်မြင့်ခင်နှင့် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးဇော်ဝိတ်တို့က စီမံကိန်းရည်မှန်းချက်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးသန်းက တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်လွှာများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား ပေးအပ်သည်။ **(အပေါ်ပုံ)** (ခရိုင်ပြန်/ဆက်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ကျေးရွာစာကြည့်တိုက်များကို ကြည့်ရှုအားပေး စာကြည့်တိုက် ရေရှည်ရှင်သန်ရေးအတွက် ထိန်းသိမ်းရန်မှာကြား

နေပြည်တော် ဇွန် ၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဖေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၅ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ချမ်းတော်ရပ်ကွက်၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အလှူရှင် ဦးအောင်ရွှေ၊ ဒေါ်ငွေငွေမြင့် မိသားစုတို့က ဆောက်လုပ်လှူဒါန်းသော ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ "ချမ်းမြသီဟ" စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး၊ ချမ်းမြသာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစောထွန်းဦးနှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးစိန်မြင့်တို့က ဖဲကြိုးဖြတ်၍ စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြပြီး အလှူရှင် ဦးတင်ရွှေ၊ ဒေါ်မာတင် မိသားစုက လှူဒါန်းသော ၂၁ လက်မ ရောင်စုံ ရုပ်မြင်သံကြားဖမ်းစက်ကို ဒုတိယဝန်ကြီးက လက်ခံသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးပြီး စာကြည့်တိုက် ရေရှည်တည်တံ့ရှင်သန်ရေးအတွက် အကြံပြုအားပေးစကားပြောကြားကာ ဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းထံ အလှူရှင် ဦးတင်ရွှေ၊ ဒေါ်မာတင် မိသားစုက ၂၁ လက်မ ရောင်စုံ ရုပ်မြင်သံကြားဖမ်းစက်ကို လှူဒါန်းစဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် ကျွဲရေကုန်းကျေးရွာရှိ ပညာ့အလင်းစာကြည့်တိုက်သို့ ရောက်ရှိ၍ ဒေသခံများက စုပေါင်းလှူဒါန်းသော ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်ကို လက်ခံပြီး စာကြည့်တိုက်သို့ ဗွီစီဒီနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေး၍ စာကြည့်တိုက်၏ အကျိုးကျေးဇူးကြီးမားမှုများနှင့် စာကြည့်တိုက် ရေရှည်ရှင်သန်ရေးအတွက် ထိန်းသိမ်းရန် လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် တောမကျေးရွာ "အလင်းရောင်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ရောက်ရှိ၍ အလှူရှင် ဦးကြည်ဝင်း၊ ဒေါ်ခင်ဆွေဝင်း မိသားစုက ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ ဦးမိုးမိုး၊ ဒေါ်ခင်နွယ်ဝင်းမိသားစုက ရေဒီယိုနှင့် စာအုပ်စာစောင်များကို လှူဒါန်းကြရာ ဒုတိယဝန်ကြီးကလက်ခံပြီး ဗွီစီဒီနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်း၍ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးကာ စာကြည့်တိုက်သည် ကြောင်းကျိုးဆက်စပ် တွေးခေါ်ဆင်ခြင်နိုင်သည့် အထွေထွေဗဟုသုတကို ပေးစွမ်းနိုင်သည့်နေရာဖြစ်သဖြင့် ရပ်ရွာအကျိုး၊ တိုင်းပြည်အကျိုးပြု လူချွန်လူမွန်များ ပေါ်ပေါက်လာရေးအတွက် ရေရှည် တည်တံ့ရှင်သန်အောင် ဆောင်ရွက်သွားကြရေး မှာကြားသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၇

ပန်းဘဲတန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့ကွင်းဆင်း ဆောင်ရွက်ပွဲကို ယနေ့ နံနက်က (၄)ရပ်ကွက်၌ ကျင်းပသည်။

ရှေးဦးစွာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး ဟောပြောပွဲကို (၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်စမ်းယုမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အသင်းသူ၊ အသင်းသားများ၊ ရပ်ကွက် ၁၁ ရပ်ကွက်မှ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ တက်ရောက်ကြသည်။

(အောက်ပုံ)

အသိပညာပေး ဟောပြောပွဲအပြီး (၄)ရပ်ကွက်အတွင်းသို့ လှည့်လည်၍ ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းများ ဆောင်ရွက်ကြသည်။ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှူး၍ ရပ်ကွက်အလိုက် အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်ပွဲကို အပတ်စဉ် ပြုလုပ်လျက်ရှိကြောင်းသိရသည်။(၁၉)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ ဦးတင်လှ၊ ဒေါ်အေးအေးကြည် (အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန်) မိသားစုတို့က ဦးတင်လှ၏ မွေးနေ့အထိမ်းအမှတ် ငွေပဒေသာပင် ငွေကျပ် ၂၃၀၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

စိတ်ဝင်စားဖွယ်ရာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ

မြင့်စိုး(နတလ)

(၁)

"အဲဒီပစ္စည်းကကျွန်မတို့ချင်းအခေါ်အရဆိုရင် တွီကွမ် (Twi Kuang)လို့ခေါ်တယ်။ သစ်လုံးကို ထွင်းထားတာ၊ အိမ်ရှေ့ကပြင်နားမှာချထားတတ်ကြတယ်၊ ခပ်လာတဲ့ရေတွေကို သိုလှောင်ပြီး သုံးတဲ့ ရေဇလားသဘောမျိုးပေါ့"

ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာသို့ ရောက်တုန်းရောက်ခိုက် ကျွန်တော်သိလိုသော အိမ်သုံးပစ္စည်းတစ်မျိုးနှင့်ပတ်သက်၍ ချင်းရွာ၌တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း မရှင်မွန်းကျိန်နှင့် ညောင်ခင်းဟောက်တို့ထံ မေးမြန်းခဲ့မိသည်။ တွီကွမ်ခေါ် ၎င်းသစ်ထွင်းရေဇလားကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ထုတ်ဝေသော ၂၀၀၆ခုနှစ် ပြက္ခဒိန်ပါ ဓာတ်ပုံတစ်ပုံတွင် သတိပြုမိခြင်းဖြစ်သည်။ ကိုမိုးမင်း (Photo City)၏ လက်ရာ ယင်းဓာတ်ပုံ၌ ပြာရီမှိုင်းနေသည့် ချင်းတောင်တန်းကြီး ကမ်းပါးစောင်းတွင် မေးတင်ထားသော ချင်းရိုးရာအိမ်ကလေးတစ်အိမ်၊ ၎င်းအိမ်ကလေး၏ ကပြင်၌ဆန်ဖွပ်နေသည့် ချင်းလုံမပျိုတစ်ဦး၊ အိမ်အနီးမှာပေါက်နေသော တောင်ဇလပ်ပန်းပင်က တစ်ပင်လုံး ရဲရဲနီစွာဖူးပွင့်လျက်။ ရှင်မွန်းကျိန် ပြောပြသောတွီကွမ်ခေါ် သစ်ထွင်းရေဇလားက ကပြင်ရှေ့မှာ၊ ကပြင်ပေါ်၌မူ သောက်ရေအိုး၊ ဆန်ကော၊ ဆန်ခါ၊ တောင်း၊ ဖျာတို့က ရှိမြဲသဘာဝအတိုင်း သူ့နေရာနှင့်သူ အစီအရီ။ ဓာတ်ပုံတစ်ပုံ တည်းမှာပင် သုတရသအမျိုးမျိုးကို သိမြင်ခံစားနိုင်သည်။ ဓာတ်ပုံ ပုံစာကို ကျွန်တော်က တောင်ဇလပ်ပန်းနှင့် ချင်းတောင်တန်းဟု အမည်ပေးထား၏။ ကိုယ်တိုင်ဖန်တီးခဲ့သော ယင်းပြက္ခဒိန်တစ်စောင်လုံးတွင်ထိုပုံသည် ကျွန်တော်အကြိုက်ဆုံးပုံ။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ခြေဦးမလှည့်ဖြစ်ခဲ့သည်မှာ အတော်ကြာပေပြီ။ ပြီးခဲ့သည့် ဧပြီလထဲ၌ မြန်မာ့ရုပ်မြင်သံကြားမှ **"ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ"**သီချင်းလေးကို ပြန်လည်ထုတ်လွှင့်ပေးခဲ့သည်။ ဂီတစာဆို ဟသ်ာတမြင့်ငွေရေးဖွဲ့သီကုံးပြီး တေးသံရှင် ရတနာဦး သီဆိုထားသော ၎င်းသီချင်းကို သရုပ်ဆောင်ရတနာခင်နှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း မြန်မာ့ရုပ်မြင်သံကြားမှ ရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က နန်းမြင့်မျှော်စင် မရှိသေးပါ။ အဝင်မုခ်ဦးကြီးလည်းမဆောက်ရသေး။ ထို့အတူ ကချင်ရွာက ရေခဲတောင်၊ ကရင်ရွာက ဇွဲကပင်တောင်နှင့် မွန်ဒေသအထိမ်းအမှတ် ကျိုက်ထီးရိုးဘုရားများလည်း မရှိကြသေးပေ။ ယခုထုတ်လွှင့်သွားသည့် သီချင်း၌မူ ၎င်းအရုပ်များအားလုံးကို အသစ်ရိုက်ကူးတည်းဖြတ် ထည့်သွင်းပြီးဖြစ်သည်။ ထိုသီချင်းလေးကို ကြည့်ရှုခံစားရင်းစိတ်ကူးပေါ်လာသည်မှာ ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာသို့ ထပ်မံသွားရောက်ရန်ပင်။

ဖားစည်အလှနှင့် ကရင်ရွာ သဘာဝအလှကို တွေ့ရစဉ်။

(၂)

မေလဆန်းမှာ မိုးကတစ်ပြိုက်နှစ်ပြိုက် ရွာပြီးစ။ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ခြေချမိသည်နှင့် မျက်စိအေး၊ နားအေးအရသာကို ဦးစွာခံစားမိသည်။ မြင်ကွင်းအားလုံးသည် ဆိတ်ဆိတ် ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်း၊ စိုစိုပြည်ပြည်၊ လေနုအေးကလည်း သန့်သန့်ဖြူးဖြူး။ စီမံကိန်းတာဝန်ခံ ဦးထွန်းဦး(ဒုတိယညွှန်ကြားရေးမှူး–နတလ)နှင့်အတူ နန်းမြင့်မျှော်စင်အောက်ဆုံးထပ်၌ **"နန်းမြင့်ယဉ်ကျေးမှုပြတိုက်"** တည်ဆောက်နေမှု အခြေအနေကို ဝင်ရောက်ကြည့်ရှုလေ့လာခဲ့သည်။ ယင်း လုပ်ငန်းပြီးစီးသွားပါက ဒေသအထိမ်းအမှတ် နံရံဆေးရေးပန်းချီကားများ၊ သစ်ထွင်းပန်းချီများ၊ တွေ့ရမြင်ရခဲသည့် တိုင်းရင်းသားရိုးရာ အသုံးအဆောင် ပစ္စည်းများကို တစုတဝေးတည်း ကြည့်ရှုလေ့လာနိုင်မည် ဖြစ်သည်။ နန်းမြင့်မျှော်စင်နှင့် မနီးမဝေး၌ အမိုးခုံး ကပွဲခန်းမကြီးတစ်ခု အသစ်တည်ဆောက်နေဆဲဖြစ်၏။

လမ်းသင့်သလိုသွားခဲ့ခြင်းဖြစ်၍ ရခိုင်ရွာသို့ အရင်ရောက်သည်။ ရခိုင်အိမ်အနေအထားနှင့်ရှိနှင့်ပြီး ရခိုင်ရိုးရာယဉ်ကျေးမှု ပစ္စည်းတော်တော်များများကို မြင်ဖူးတွေ့ဖူးပြီးဖြစ်သည်။ ဒူးလောင်းစောင်းတူရိယာ၊ မိကျောင်းစောင်း၊ ရခိုင်မင်္ဂလာစည်တော်၊ ဗုဒ္ဓအရုပ်

နန်းမြင့်မျှော်စင်နှင့် တိုင်းရင်းသူတို့ အလှချင်းပြိုင်ကြစဉ်။

စသည် စသည်... သို့သော် ရခိုင်အိမ်မှာပြသထားသည့် ကြိုးသုံးချောင်းတပ် အုန်းမှုတ်ခွက် တယောတူရိယာ၊ ကြောင်သားရေဖြင့် ကျပ်ထားသော မာလခွံတယော တူရိယာများကိုမူ မမြင်ဖူးသေး။ ရခိုင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဒေါ်နုမြဖံ (ညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန) ကိုယ်တိုင်ရှာဖွေစုဆောင်းပေးထားသော ပစ္စည်းများဖြစ်ကြောင်းသိရသည်။ သံတွဲဒေသထွက် ထန်းရွက်ခမောက်များကိုလည်း ပုံသဏ္ဍာန်အမျိုးမျိုးနှင့် တွေ့ရသည်။ ဗမာရွာရှိ ဗမာအိမ်တွင် တက်ရောက် ကြည့်ရှုလေ့လာနေကြသော ရဟန်းရှင်လူပြည်သူအများကို အိမ်ရှေ့လမ်းမပေါ်က လှမ်းမြင်နေရ၏။ ဗမာရွာအနီး ကြေးခေါင်းပွနှင့် ပုံစံတူပြုလုပ်ထားသော မင်းကွန်းခေါင်းလောင်းကြီးကို ခံ့ခံ့ထည်ထည်

ဗမာရွာအနီးက မင်းကွန်းခေါင်းလောင်းကြီးကို တွေ့ရစဉ်။

တွေ့ရသည်။ ခေါင်းလောင်းကြီးပေါ်တွင် **"မင်းဖြူမှန်မှန်ပြော (၅၅၅၅၅)"**ဟူ၍ ကြေးပိသာချိန်ကိုပါ ဖော်ပြထား၏။ ဗမာရွာနှင့် မွန်ရွာအကြားတွင် မွန်ရိုးရာဆွမ်းလောင်းဇရပ်တစ်ခုရှိသည်။ မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ အဘဦးနိုင်ပန်းရှင် ကိုယ်တိုင်ကြီးကြပ်ဆောက်လုပ်ထားခြင်းဖြစ်သည်။ ထိုဇရပ်ပေါ်တွင် နားနားနေနေ အမောအပန်း ဖြေနေသူများကို တွေ့ရသောအခါ တကယ့်မွန်ဒေသအတွင်းက ခရီးသွားတွေအလား ထင်မှတ်မှားရ၏။

ကရင်ရွာသို့ သွားရောက်၍ ကရင်တိုင်းရင်းသားရိုးရာတူရိယာပစ္စည်းများဖြစ်သော ဖားစည်၊ ဗျပ်စောင်း၊ အုန်းမှုတ်ခွက်တယော၊ ကျွဲချို၊ စောင်းကောက်(နာဒိန်း) တူရိယာများအပါအဝင် မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများကို ပြန်လည်ကြည့်ရှုလေ့လာမိသည်။ တာဝန်ကျဝန်ထမ်း မောင်စတင်မျိုးလွင်က သူကိုယ်တိုင်ရှာဖွေစုဆောင်းထားသည့် ဝါးမြစ်ဆုံဖြင့် ပြုလုပ်ထားသော နှစ်ယောက်အိပ်ခုတင်၊ ထိုင်ခုံ၊ ထမင်းစားခုံတို့ကို ပြသသည်။ ဝါးအခြေခံလက်မှုပညာကို ကျွမ်းကျင်နိုင်နင်းသည့် သဘောပင်။ နော်စေးသာကလည်း ပြည်ထောင်စုနေ့ပွဲတော်လာ ကရင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က လက်ဆောင်ပေးခဲ့သည့် ကရင်လို (စော်ကူး)ဟု ခေါ်သော ပီလမနှစ်ချပ်ကို အားကျမခံပြသည်။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသ လယ်သူမများဆောင်းသည့် ပီလမများနှင့် ဆင်ဆင်တူသော်လည်း ရက်လုပ်မှုပုံသဏ္ဍာန် အနည်းငယ်ကွဲပြားကြောင်း တွေ့ရသည်။

ထို့နောက် ကချင်ရွာ ဘက်သို့ကူး၍ ဝန်ထမ်း မောင်တန်ဂျီးနှင့် မင်္ဂါဇူးမီးတို့ကို နှုတ်ဆက်သည်။ တန်ဂျီးသည် ကျွန်တော်တို့ဦးစီးဌာနက ထုတ်ဝေသော ၂၀၀၅ ခုနှစ် ပြက္ခဒိန်မင်းသားဖြစ်သည်။ ထိုနှစ်က ပြက္ခဒိန် မျက်နှာဖုံးအတွက် တိုင်းရင်းသူရှစ်ဦး လှည်းယဉ်စီးနေပုံ ကို ရွှေအင်းသား ခင်မောင်ဝင်းနှင့် ရိုက်ကူးခဲ့ရာ လှည်းယဉ်မောင်းသူ နေရာတွင် တန်ဂျီးက သရုပ်ဆောင်ခဲ့၏။ ကချင်ထုံးစံအရ သားတစ်ယောက် အိမ်ထောင်ကျတိုင်း နေအိမ်တွင် လှေကားတစ်ခုတိုး၍ ပြုလုပ်ရပုံကို ၎င်းနှင့်ဆွေးနွေး ကြည့်မိသည်။ င်္ဂါဇူးမီးကလည်း ယနေ့ကချင်ပြည်နယ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည့် နိုင်ငံခြား သားခရီးသွားများ စိတ်ဝင်တစားရှိခဲ့သော အမျိုးသမီး အသုံးဆောင် ဝါးခြင်းကလေးများကို ပြသသည်။ ကချင်လို နွန်ကဝါးအွန်ဖြဲ (Num Kawa Nhpye)ဟု အမည်ရကြောင်း သိရ၏။ ကချင်အိမ်၌ ခေါင်မိုးအသစ် မိုးထား၍ စိတ်ဝင်တစားမော့ကြည့်မိ၏။ ဗမာအိမ်တွေ မှာကဲ့သို့ သက်ငယ်ကို ဝါးတံတွင်သီ၍ ပျစ်၍မိုးခြင်းမျိုး မဟုတ်ပါ။ သက်ငယ်များကို အဆုပ်လိုက်အဆုပ်လိုက် စုစည်းကာ မှန်ကူကွက်ပုံသဏ္ဍာန်ဖော်၍ မိုးထားခြင်းဖြစ်သည်။ ထူထူထဲထဲ သိပ်သိပ်သည်းသည်းရှိလှပြီး တစ်ခါမိုးလျှင် ၄–၅နှစ် ခံသည်ဆို၏။

ရှမ်းရွာတွင်လည်းအသစ်တိုးနေသည့် လွယ်ပလိုင်းအမျိုးမျိုး၊ ရေနွေးကရား(မြေအိုး) အမျိုးမျိုးတို့ကို ဝင်ရောက်ကြည့်ရှုလေ့လာခဲ့သည်။ အင်းလေးကန်ထဲမှာ အပျော်စီးလှေ စီးနေသူများနှင့် စည်စည်ကားကားဖြစ်လို့နေသည်။ ရှမ်းရွာမှ ကယားရွာဘက်သို့ကူးပြီး မောင်ထျာရယ်၊ မောင်ငါးရယ်၊ မစူးမြာထား၊ မစူးမြာဇာဇာစသော ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကယားဒေသသုံး နွားဝန်တင်ကုန်းနှီးများအကြောင်း၊ ကယန်း(ပဒေါင်)တိုင်းရင်းသူများ၏ ခန္ဓာကိုယ်ဖွဲ့စည်းမှုနှင့် ကိုက်ညီအောင် ပြုလုပ်ထားသော ကျောပိုးပလိုင်းအကြောင်း၊ ကယားအခေါ်အားဖြင့်"ပနှယ်ခကလို့"ဟု ခေါ်သည့် ကျွဲခလောက်များအကြောင်းမှသည် စိုက်ပျိုးရေးသုံး၊ မွေးမြူရေးသုံးပစ္စည်းများအကြောင်းပါမကျန် လေ့လာမေးမြန်းမိသည်။ ကျွန်တော်ကဲ့သို့ လာရောက်ကြည့်ရှု လေ့လာကြသူများသည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း ခြေလျင်တစ်မျိုး ကားနှင့်တစ်ဖုံ၊ အပျော်စီး ကားများ၊ အပျော်စီးစက်ဘီးများစီး၍ တသွယ် တစ်ရွာနှင့်တစ်ရွာ ကူးလူးသွားလာ နေကြသည်မှာ ပျားပန်းခပ်မျှပင်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

တရုတ်နိုင်ငံဟန်ကျိုးမြို့ရှိ ရေဆိုးသန့်စင်ရေးစက်ရုံတွင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့က လာရောက်လေ့လာသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ လှုပ်ရှားမှုအဖြစ် မြို့တော်ပေကျင်းတွင် မော်တော်ယာဉ်မမောင်းရနေ့ သတ်မှတ်

ပေကျင်း ဇွန် ၆

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် လေထုအရည်အသွေးကောင်းမွန်စေရန် အထောက်အကူပြုသည့် လှုပ်ရှားမှုတစ်ရပ်အဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် တနင်္လာနေ့က ယာဉ်မောင်းတစ်သန်း၏ လေးပုံတစ်ပုံက ၎င်းတို့၏ မော်တော်ယာဉ်များကို မောင်းနှင်ခြင်းမပြုကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မော်တော်ယာဉ်အသင်း အဖွဲ့ပေါင်း ၁၃၂ ခုနှင့် ဒေသန္တရသဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအာဏာပိုင်များက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို မော်တော်ယာဉ် မမောင်းရနေ့အဖြစ် သတ်မှတ်ခဲ့ပြီး လှုပ်ရှားမှုများ ပြုလုပ်ခဲ့ရာ ပေကျင်းတွင် နံနက်စောစောပိုင်း ယာဉ်ကြော ပိတ်ဆို့မှုများ သိသိသာသာ လျော့နည်းသွားသည်။

မြို့တော်၏ ဒေသအချို့တွင် မော်တော် ယာဉ်စီးရေ အနည်းငယ်သာရှိသဖြင့် ရုံးဝန်ထမ်းအများစုမှာ အလုပ်ဆင်းချိန် ၁၀ မိနစ်မှ တစ်နာရီအထိ နောက်ကျကြကြောင်း၊ ပေကျင်းရှိလမ်းမများပေါ်၌ နံနက်စောစောပိုင်းအချိန်တွင် အမြဲလိုလို ယာဉ်များပိတ်ဆို့နေမှုကို တွေ့မြင်နေကျဖြစ်သော်လည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့မှာ ထူးခြားနေကြောင်း စာပေထုတ်လုပ်ရေးတိုက်မှ ဝန်ထမ်းတစ်ဦးဖြစ်သူ ဆွန်ဂျင်က ပြောကြားသည်။

ယာဉ်မမောင်းရနေ့ လှုပ်ရှားမှုသည် ယာဉ်ကြောပိတ်ဆို့မှုများ လျော့ပါးသက်သာစေရန် အထောက်အကူပြုနိုင်ကြောင်း၊ လေထုညစ်ညမ်းစေသည့် ဓာတ်ငွေ့များ လျော့ပါးစေရန် အမှန်တကယ် အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း ဆင်ဟွာတက္ကသိုလ်မှ လူငယ်ကျောင်းဆရာတစ်ဦးဖြစ်သူ လီယွန်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေကြီး

နယူးဒေလီ ဇွန် ၆

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွားပြီး ပြည်သူ ၂၅၀၀၀ ခန့် ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း၊ ကုန်းလမ်းနှင့် ရထားလမ်းသွားလာရေးမှာလည်း ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ဇွန် ၄ ရက်တွင် ပြောကြားသည်။

ဗြဟ္မပုတ္တရ မြစ်ရေလျှံတက်လာမှုကြောင့် နာဂါအွန်း၊ ဒီမာဂျီ၊ တင်ဆူကီအာ၊ ကာရမ်ဝန်နှင့် ဟိုင်လာ ကန်ဒီ အရပ်ဒေသရှိ ရွာပေါင်း ၇၀ ထက် မနည်း ရေလွှမ်းမိုးသွားကြောင်း တာဝန်ရှိသူ စီနန်က ပြောကြားသည်။

ရေကြီးမှုဖြစ်နေသော ရွာများမှ ပြည်သူ ၂၅၀၀၀ထက်မနည်း ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် တိုက်တွန်းထားကြောင်း ဖော်ပြထားသည်။

အာသံပြည်နယ် ဂူဝါဟာတီမြို့မှ ကီလိုမီတာ ၅၅၀အကွာရှိ ဒီမာဂျီ ဒေသအရှေ့ဘက်၌ ဇွန် ၁ ရက်တွင် ပထမဆုံးရေလွှမ်းမိုးမှု စတင်ဖြစ်ပွားခဲ့သည်။

ရွာ ၂၂ ရွာထက်မနည်းတွင် မြေဟက်တာ ၉၄၇ ကျော် ရေများဖုံးလွှမ်းသွားပြီး အခြားစိုက်ပျိုးမြေ ၆၄၂ ဟက်တာတွင် ရေလွှမ်းမှုကြောင့် သီးနှံပင်များ ပျက်စီးသွားကြောင်း နက်က ပြောကြားသည်။

အာသံပြည်နယ် တောင်ပိုင်းနေရာများတွင် တာကျိုးသွားသဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးမှုဖြစ်ကြောင်း နက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းစီးပွားရေး ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်း

ဗန်ကောက် ဇွန် ၆

ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ် ပထမလေးလတွင် ၆ ရာခိုင်နှုန်း တိုးတက်လာပြီး တစ်နှစ်ပတ်လုံးတွင် ၄ ဒသမ ၆ရာခိုင်နှုန်းတိုးတက်ရန် မျှော်မှန်းထားကြောင်း အမျိုးသားစီးပွားရေးနှင့် လူမှုရေးဘုတ်အဖွဲ့ (အင်အီး အက်စ်ဒီဘီ)မှ အထက်တန်းတာဝန်ရှိသူတစ်ဦးက ဇွန် ၅ ရက်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံ ပြည်တွင်းထုတ်ကုန်စုစုပေါင်းသည် ယခုနှစ် ပထမလေးလတွင် ၆ရာခိုင်နှုန်းတိုးတက်လာပြီး ယမန်နှစ်အလားတူကာလကထက် ၃ဒသမ ၂ ရာခိုင်နှုန်း များပြားလာကြောင်း အင်အီးအက်စ်ဒီဘီမှ အထွေထွေအတွင်းရေးမှူး အမ်ပွန်ကစ်တီအမ်ပွန်က ပြောကြားသည်။

မြင့်တက်

ပထမလေးလတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် ၅ဒသမ ၇ရာခိုင်နှုန်းရှိပြီး လောင်စာဈေးနှုန်းမှာ ၄၀ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်လာသည်။ ပို့ကုန်လုပ်ငန်းမှာ ပမာဏအားဖြင့် ၁၄ ဒသမ ၁ရာခိုင်နှုန်း တန်ဖိုးအားဖြင့် ၃ဒသမ ၃ရာခိုင်နှုန်း မြင့်တက်လာသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် ၇ ဒသမ ၂ ရာခိုင်နှုန်းအထိ တဖြည်းဖြည်းမြင့်တက်လာပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၁ဒသမ ၃ရာခိုင်နှုန်း တိုးတက်လာသည်။

ယခုနှစ် ပထမလေးလတွင် အိမ်ထောင်စုဝင်များ သုံးစွဲငွေသည် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲမှုမရှိဘဲ ၄ ဒသမ ၁ရာခိုင်နှုန်းတွင်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိဒ်စ်ရောဂါကြောင့် ပနားမားလူငယ်အများအပြား သေဆုံးခဲ့ရ

ပနားမားစီးတီး ဇွန် ၆

အသက် ၁၅နှစ်မှ ၂၄နှစ် အရွယ်အတွင်းရှိ ပနားမားလူငယ်များတွင် တတိယမြောက် အသေအပျောက် အများဆုံးရောဂါမှာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အိဒ်စ်) ဖြစ်ကြောင်း တနင်္ဂနွေနေ့က တရားဝင်ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရှိရသည်။

၂၀၀၅ ခုနှစ်အတွင်း ပနားမားတွင် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်ပိုးကူးစက်ခံရသူ ၂၅၀၀၀ကျော်ရှိခဲ့ပြီး ယင်းဦးရေသည် လူဦးရေ ၃ဒသမ ၁သန်းရှိသည့် နိုင်ငံငယ်တွင် အလွန်များပြားသည့် ဦးရေဖြစ်ကြောင်း ကျန်းမာရေးဌာနက သုတေသနပြုလုပ်သည့် အစီရင်ခံစာအရ သိရှိရသည်။

နှလုံးရောဂါနှင့် ကင်ဆာရောဂါတို့ပြီးလျှင် အိဒ်စ်ရောဂါသည် အသက် ၂၅နှစ်မှ ၄၄နှစ်အရွယ် အတွင်းရှိ ပနားမား နိုင်ငံသူ၊ နိုင်ငံသားများတွင် အသေအပျောက်အများဆုံးဖြစ်စေသော ရောဂါဖြစ်ကြောင်း အမျိုးသားအိဒ်စ်ရောဂါတိုက်ဖျက်ရေး အစီအစဉ်ညှိနှိုင်းရေးမှူး မက်ဆီနက်က ပြောကြားသည်။

ပနားမားနိုင်ငံတွင် ၁၉၈၄ ခုနှစ်အတွင်း အိဒ်စ်ရောဂါဖြစ်ပွားသူကို ပထမဆုံးဖော်ထုတ်နိုင်ပြီးနောက် ယင်းရောဂါဖြင့် သေဆုံးသူ ၇၄၈၅ ဦးရှိခဲ့သည်ဟု စာရင်းဇယားများအရ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တူရကီနိုင်ငံ အဒါပဇာရီမြို့၌ တူရကီတပ်ဖွဲ့ဝင်များ ငလျင်ဒဏ်ကယ်ဆယ်ရေး လေ့ကျင့်နေသည်ကို ဇွန် ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်တပ်ဖွဲ့ဝင် ၁၀၀ကျော် ငလျင်ဒဏ်ခံရသော အင်ဒိုနီးရှားသို့စေလွှတ်

တိုကျို ဇွန် ၆

ငလျင်ဒဏ်ခံရသော အင်ဒိုနီးရှားနိုင်ငံသို့ ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန်အတွက် ဂျပန်တပ်ဖွဲ့ဝင် ၁၀၀ ခန့်သည် ဂျပန်နိုင်ငံအလယ်ပိုင်း လေဆိပ်မှ ဇွန် ၅ ရက်တွင် ထွက်ခဲ့ကြသည်ဟု သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျပန်ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၀၀ သည် ဇွန် ၅ ရက်တွင် ဂျကာတာမြို့မှတစ်ဆင့် ငလျင်ဒဏ် ပြင်းထန်စွာခံခဲ့ရသော ဂျော့ဂျ်ဂျကာတာသို့ သွားရောက်မည်ဖြစ်ကြောင်းနှင့် တပ်ဖွဲ့ဝင် ၄၉ဦးသည် ထိုဒေသတွင် ဆေးဝါးကုသမှုများ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖော်ပြသည်။

အိန္ဒိယသမုဒ္ဒရာတွင် ၂၀၀၄ ခုနှစ် ဆူနာမီလှိုင်း ကျရောက်ချိန်ကလည်း အင်ဒိုနီးရှားနိုင်ငံသို့ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တပ်ဖွဲ့ဝင် ၉၀၀ ခန့်ကို စေလွှတ်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။



ဂျပန်နိုင်ငံ နင်တင်ဒိုကုမ္ပဏီက ထုတ်လုပ်သည့် ဗီဒီယိုဂိမ်းအသစ်တစ်မျိုးကို ဇွန် ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်း ၁၄ ဦးကို အစ္စရေးတပ်ဖွဲ့ ဖမ်းဆီး

ရာမာလာ ဇွန် ၆

အစ္စရေးတပ်ဖွဲ့ဝင်များက အရှေ့အလယ်ပိုင်းဒေသ အနောက်ဘက်ကမ်းခြေတစ်ဝိုက်ရှိ နေရာအသီးသီးမှ ပါလက်စတိုင်း ၁၄ ဦးကို တနင်္လာနေ့စောစောပိုင်းက ဖမ်းဆီးခဲ့ကြောင်း ပါလက်စတိုင်း သတင်းရပ်ကွက်က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက အနောက်ဘက်ကမ်းဒေသရှိ ရာမာလာမြို့တွင် ဟားမာ့စ်နှင့် ဖာတာလှုပ်ရှားမှုအဖွဲ့များမှ ပါလက်စတိုင်းကိုးဦးကို ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းလူများသည် အစ္စရေးဆန့်ကျင်ရေး တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်သည်ဟု ယူဆထားပြီး အစ္စရေးတပ်ဖွဲ့ဝင်များက အလိုရှိသူများဖြစ်ကြကြောင်း သတင်းရပ်ကွက်ကပြောကြားသည်။

အနောက်ဘက်ကမ်းတောင်ပိုင်းဒေသရှိ ဟီဘရွန်မြို့တွင် အစ္စလမ္မစ် နိုင်ငံရေးလှုပ်ရှားတက်ကြွသူတစ်ဦး အဖမ်းခံရကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏ စစ်ဘက်ယာဉ်များဖြင့် မြောက်ဘက်ကမ်းခြေ ဂျီနင်မြို့ရှိ ဒုက္ခသည်စခန်းကို စီးနင်းဝင်ရောက်ခဲ့ပြီး ပါလက်စတိုင်းများနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ကြသည့်ကြားမှ ပါလက်စတိုင်း လေးဦးကို ဖမ်းဆီးခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက အီရတ်အရပ်သားတစ်ဦးကိုသတ်ဖြတ်ခဲ့ဟုဆို

ဝါရှင်တန် ဇွန် ၆

အီရတ်နိုင်ငံအလယ်ပိုင်းဒေသရှိ ကျေးရွာတစ်ရွာတွင် ဧပြီလ ၂၆ရက်က အီရတ် အရပ်သားတစ်ဦးဖြစ်သူ ဟာရှင်အီဘရာဟင်အော်စက်အယ်လ်-ဇိုဘေကို အမေရိကန်တပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲမှုများ ပေါ်ထွက်လျက်ရှိကြောင်း၊ ဟာရှင်သည်အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်သတ်မှုကြောင့်သေဆုံးခဲ့သည် ဟူသောအချက်ကို မျက်မြင်တွေ့ရှိသူများက တညီတညွတ်တည်း ပြောဆိုကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

ဘဂ္ဂဒက်အနောက်ပိုင်းရှိ အဘူဂါရိပ်ဒေသအနီး ဆွန်နီအာရပ်ကျေးရွာဖြစ်သည့် ဟမ်ဒမ်နီယာကျေးရွာတွင် အိမ်တစ်လုံးအနီးဗုံးမြှုပ်ရန် ဟာရှင်က တွင်းတူးနေသည်ကို မရိန်းခြေလျင်တပ်ဖွဲ့ဝင်များကတွေ့ရှိခဲ့သည်ဟု မရိန်းတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးချက်များအရ သိရှိရသည်။ မရိန်းတပ်ဖွဲ့များက ခဏတာဖြစ်ပွားခဲ့သည့်တိုက်ခိုက်မှုအတွင်း ဟာရှင်ကို ပစ်သတ်ခဲ့ကြောင်း ၎င်းအနီးတွင်အေကေ-၄၇သေနတ်နှင့် ဂေါ်ပြားတစ်လက်တို့ တွေ့ရှိခဲ့ကြောင်း မရိန်းတပ်ဖွဲ့များက ပြောကြားခဲ့သည်။

သို့ရာတွင် ဟာရှင်၏အိမ်နီးချင်းများနှင့် ၎င်း၏မိသားစုဝင်များက ဓာတ်ပုံများဖြင့် တင်ပြသည့် အချက်အလက်များအရ မရိန်းတပ်ဖွဲ့ဝင်များသည် ဟာရှင်၏ အိမ်သို့လာရောက်ခဲ့ကြောင်း၊ အသက် ၅၂နှစ်ရှိ မသန်စွမ်းသူ ၎င်းကို အိမ်အပြင်ဘက်ခေါ်ယူသွားပြီး မျက်နှာကိုလေးကြိမ်သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း သတင်းစာကရေးသားသည်။ ဖော်ပြပါ အေကေ-၄၇သေနတ်နှင့် ဂေါ်ပြားကိုမရိန်းတပ်ဖွဲ့ဝင်များက မြေမြှုပ်ပစ်ခဲ့ကြသည်ဟု အိမ်နီးချင်းများနှင့် ဟာရှင်၏မိသားစုဝင်များ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာက ဖော်ပြသည်။

စွပ်စွဲ

အမေရိကန်စစ်ဘက်တာဝန်ရှိသူများပါဝင်သည့် အုပ်စုတစ်စုသည် ဟာရှင်၏ မိသားစုဝင်များထံသို့ လွန်ခဲ့သည့်ရက်သတ္တပတ်ကရောက်လာခဲ့ကြပြီး ဟာရှင် အသတ်ခံရမှုနှင့်ပတ်သက်၍ မရိန်းတပ်ဖွဲ့ဝင်များ၏ ဆန္ဒအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ထိခိုက်နစ်နာကြေးပေးမည်ဟု ကမ်းလှမ်းခဲ့ကြောင်း ၎င်းမိသားစုဝင်များက ပြောကြားခဲ့သည်။

မရိန်းတပ်ဖွဲ့ဝင်များက ဟာရှင်နေထိုင်ရာအိမ်မှ ၎င်းကိုအဓမ္မခေါ်သွားကြပြီး တစ်နာရီကြာတွင် ပစ်ခတ်သံကြားလိုက်ရကြောင်း ဟာရှင်၏သားတစ်ဦးဖြစ်သူ နာဆာက ပြောကြားသည်။ နောက်ဆုံး ၎င်းမိသားစုက ဟာရှင်၏အလောင်းကို အဘူဂါရိပ်ဆေးရုံတွင်တွေ့ရှိခဲ့သည်ဟု ၎င်းကပြောကြားကြောင်း သည်ဝါရှင်တန်ပို့စ် သတင်းစာက ရေးသားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် နယ်သာလန် လက်ရွေးစင်ဘောလုံးအသင်း ဂျာမနီနိုင်ငံရှိ လာဟာလေဆိပ်သို့ ဇွန် ၆ ရက်က ရောက်ရှိလာစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရန်၌ ငလျင်လှုပ် လူနှစ်ဦးသေဆုံး

တီဟီရန် ဇွန် ၆

အီရန်နိုင်ငံ တောင်ပိုင်းကမ်းရိုးတန်းအလွန် ကျွန်းတစ်ကျွန်းပေါ်၌ စနေနေ့တွင် ငလျင်လှုပ်သဖြင့် လူနှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးနှင့် နိုင်ငံပိုင်သတင်းမီဒီယာဌာနက ပြောကြားသည်။

အဆိုပါ ငလျင်မှာ ပြင်းအား ၅ဒသမ ၂ရစ်ချ်တာစကေးရှိပြီးဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅မိနစ် (ဂရင်းနစ်စံတော်ချိန် ၀၇၁၅ နာရီ)တွင် လှုပ်ခဲ့ခြင်းဖြစ်သည်။ ငလျင်ကြောင့် ဖြစ်ပေါ်လာသည့် အပျက်အစီးများ စာရင်းကို လောလောဆယ် မသိရသေးပေ။

ကက်ရှ်ကျွန်းပေါ်ရှိ ရမ်ကန်ကျေးရွာ၌ လေးနှစ်အရွယ် မိန်းကလေးတစ်ဦး သေဆုံးသွားပြီး ဇီရန်းကျေးရွာ၌လည်း လူအများအပြားဒဏ်ရာ ရရှိခဲ့ကြောင်း ဟော်မုဇ်ဂန်ပြည်နယ် အရေးပေါ်ဌာန တာဝန်ရှိသူ တစ်ဦးဖြစ်သူ ဟာမစ်ဂိုလမ်ပါက ပြောကြားသည်။ ကက်ရှ်ကျွန်းပေါ်တွင် လူတစ်ဦးသေဆုံးခဲ့သေးကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ထပ်မံကြေညာသည်။ ငလျင်လှုပ်သည့်ဒေသသို့ ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားပြီး ဖြစ်ကြောင်း လခြမ်းနီအသင်းမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့တွင် ရင်သားကင်ဆာ ကာကွယ်ရေးအတွက် ယောဂ လေ့ကျင့်ခန်း ပြုလုပ်နေသူများကို ဇွန် ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြည်ပ ကျူးကျော်သူများကို တိုက်ခိုက်ရန် ဗင်နီဇွဲလားနိုင်ငံ လာဂွေရာမြို့တွင် စစ်ရေးလေ့ကျင့်နေသော သံချပ်ကာယာဉ်များကို ဇွန် ၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မစ္စစ္စပီပြည်နယ်တွင်လောင်စာတင်ယာဉ်ပေါက်ကွဲ သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ဝါရှင်တန် ဇွန် ၆

အမေရိကန်ပြည်ထောင်စုတောင်ပိုင်းရှိ မစ္စစ္စပီပြည်နယ်တွင် တနင်္လာနေ့ နံနက်ပိုင်းက လောင်စာတင်ယာဉ် ပေါက်ကွဲမှု ဖြစ်ပွားသဖြင့် လူသုံးဦး သေဆုံးပြီး အခြားလူတစ်ဦး အပြင်းအထန် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သတင်းများအရ သိရှိရသည်။

အဆိုပါ ဖြစ်ရပ်သည် စမစ်ခရိုင် ရာလေးဖီးမြို့တွင် ဖြစ်ပွားခဲ့ကြောင်း၊ အလုပ်သမားများက အဆိုပါ လောင်စာတင်ယာဉ်ကို ဂဟေဆော်ရာမှ ယင်းသို့ ပေါက်ကွဲခဲ့ရကြောင်း စမစ်ခရိုင် ငြိမ်ဝပ်ပိပြားရေးရုံးကို ကိုးကား၍ သတင်းများက ဖော်ပြသည်။

လွင့်ကျ

အဆိုပါ လောင်စာတင်ယာဉ် ပေါက်ကွဲမှုသည် ပြင်းထန်လွန်းသဖြင့် လောင်စာတင်ယာဉ် ထိပ်ပိုင်းပွင့်ထွက်သွားပြီး ပေဒါဇင်ပေါင်းများစွာ ကွာဝေးသည့်နေရာသို့ လွင့်ကျသွားခဲ့သည်။ လူနှစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့ပြီး တစ်ဦးမှာ ဆေးရုံတွင် သေဆုံးခဲ့သည်။

ပေါက်ကွဲမှုဖြစ်ရသည့် ဇစ်မြစ်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ရုရှားလုပ်သေနတ်များ ဗင်နီဇွဲလားသို့ ရောက်ရှိ နိုင်ငံကာကွယ်ရေးတွင် အသုံးပြုမည်ဟု ချာဗက်ဇ်ပြောကြား

ကာရာကတ်စ် ဇွန် ၆

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ရုရှားနိုင်ငံမှ ပထမဆုံး ပေးပို့လိုက်သည့်ကာလက်ရှ်နီကော့ဗ်အေကေ-၁၀၃ အမျိုးအစား ရိုင်ဖယ်သေနတ်များ ရောက်ရှိလာကြောင်း ထုတ်ဖော်ပြောကြားလိုက်ပြီး ယင်းသေနတ်များကို မိမိနိုင်ငံကာကွယ်ရာတွင် အသုံးပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ကာကွယ်

ဗင်နီဇွဲလားနိုင်ငံက မည်သူ့ကိုမျှ တိုက်ခိုက်မည် မဟုတ်ကြောင်း၊ သို့ရာတွင် မည်သူမျှ အမှားမပြုလုပ်သင့်ဟု မိမိ ထပ်လောင်း ပြောကြားကြောင်း၊ မိမိတို့အနေဖြင့် ရရာလက်နက်ဖြင့် နိုင်ငံကို ကာကွယ်သွားမည်ဖြစ်ကြောင်း ချာဗက်ဇ်က ပြောကြားသည်။

ရောက်ရှိ

ရုရှားနိုင်ငံသို့ ပထမဆုံးအဖြစ် ကာလက်ရှ်နီကော့ဗ် ရိုင်ဖယ်သေနတ် အလက်ပေါင်း ၁၀၀၀၀၀ ကျော် မှာကြားခဲ့ရာ လက်နက် ၃၀၀၀၀ စနေနေ့က ရောက်ရှိခဲ့သည်ဟု ချာဗက်ဇ်က ပြောကြားသည်။

အသုံးပြု

အဆိုပါ လက်နက်များ ဝယ်ယူရာတွင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ပေးချေခဲ့ရကြောင်း၊ ဗင်နီဇွဲလား နယ်စပ်ဒေသများအတွက် ကာကွယ်ရာတွင် ယင်းလက်နက်များကို အသုံးပြုမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး မန်နစ်ဂလီယာက ပြောကြားသည်။

ရုရှားမှ ဆူခွိုင်းတိုက်လေယာဉ်များကို မိမိတို့ဝယ်ယူရန် စဉ်းစားလျက်ရှိကြောင်း ချာဗက်ဇ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



နီပေါအနောက်ပိုင်း၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ခတ္တမန္ဒူ ဇွန် ၆

နီပေါနိုင်ငံ အနောက်ပိုင်း၌ ဇွန် ၅ရက်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ လူငါးဦးထက်မနည်း သေဆုံးပြီး ဒဏ်ရာရရှိသူ ၂၈ ဦးရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

ခတ္တမန္ဒူမြို့၏ အနောက်ဘက် ကီလိုမီတာ ၈၀၀ အကွာရှိ ဘာဂျန်ဒေသ ဆန်တူဒါကျေးရွာ၌ ခရီးသည် တင်ယာဉ်တိမ်းမှောက်ရာ ပွဲချင်းပြီးသေဆုံးသူငါးဦးထက်မနည်းရှိကြောင်း ဘာဂျန်ဒေသ ရဲတပ်ဖွဲ့က ပြောကြားသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရရှိသူ စုစုပေါင်း ၂၈ ဦးရှိကြောင်း ဇွန် ၅ ရက်ညတွင် ဘတ်စ်ကားတိမ်းမှောက်ကာ မီတာ ၁၀၀ အကွာအဝေးအထိ လိမ့်ဆင်းသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါယာဉ်သည် မာဟာကာလီရာတာရက် ကုမ္ပဏီပိုင်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မွန်ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကျေးလက်ပြည်သူများ ပညာရည်အဆင့်အတန်း မြင့်မားရေးအတွက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအဓိကကျ မွန်ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီး

ရန်ကုန် ဇွန် ၇

မွန်ပြည်နယ်လုံးကျွတ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ရာမညခန်းမ၌ ကျင်းပရာမွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စေတနာရှင်၊ အလှူရှင်များတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးတွင် လိုအပ်မည့်အခြေခံအချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက ပထမဆုံး အခြေခံလိုအပ်ချက်မှာ နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးဖြစ်ထွန်းနေရန်ဖြစ်ကြောင်း၊ ဒုတိယအခြေခံလိုအပ်ချက်မှာ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးဖြစ်ကြောင်း၊ တတိယ အခြေခံလိုအပ်ချက်မှာ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ပညာရည်မြင့်မားရေးပင်ဖြစ်ကြောင်းကို လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ယင်းအခြေခံလိုအပ်ချက် (၃)ရပ်ကို အစိုးရ၊ပြည်သူနှင့် တပ်မတော်တို့ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုအခါ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ထင်ရှားစွာ တွေ့မြင်နိုင်ကြပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ပြည်သူများဖြစ်သည့်အတွက် မြို့ပြပြည်သူများသာမက ကျေးလက်ပြည်သူများပါ ပညာတတ်ပြီး ဗဟုသုတ ကြွယ်ဝမှသာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းပြည်လည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ကျေးလက်ပြည်သူများအား ပညာရည်အဆင့်အတန်း မြင့်မားလာစေရေးအတွက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်နိုင်ရေးသည် အဓိကကျသောကဏ္ဍတွင် ပါဝင်နေကြောင်း။

ပွဲပိုးလှူဒါန်းဖွင့်လှစ်

စာကြည့်တိုက်တစ်တိုက်ဖွင့်လှစ်နိုင်ခြင်းကို ပညာရှင်များက ထောင်တံခါးတစ်ချပ် ပိတ်သည်ဟု မိန့်ဆိုခဲ့ကြကြောင်း၊ အသိအလိမ္မာ၊ အတတ်ပညာပို့ချရာဘဝတက္ကသိုလ်ဟုလည်း ခေါ်ဆိုနိုင်ကြောင်း၊ မွန်ပြည်နယ်အတွင်း ရပ်ကွက် စာကြည့်တိုက် ၈၂ တိုက်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၁၉၈တိုက် စုစုပေါင်း ၁၂၈၀ တိုက် ဖွင့်လှစ်ပြီးစီးနိုင်ရေးအတွက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှု၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များ၏ ကြိုးပမ်းလှူဒါန်း ဆောင်ရွက်မှုများကြောင့် မွန်ပြည်နယ်လုံးကျွတ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် အပြီးဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေဖြင့်လည်း မွန်ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများ၌ မာလ်တီမီဒီယာစာသင်ခန်း ၂၆၀ နှင့် Learning Centre ၂၆ခုခန့်ကို ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ဘာသာရပ်ဆိုင်ရာ စီဒီအခွေများကို ပွဲပိုးလှူဒါန်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

မွန်ပြည်နယ်အတွင်း မော်လမြိုင်မြို့ အပါအဝင် မြို့နယ် ၁၀ခု၌ e-Library ၁၀ခု ဖွင့်လှစ်ပေးထားပြီး ကွန်ပျူတာများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ စီဒီအခွေများ ၂၈၀၀ ကျော် ပွဲပိုးပေးထားကြောင်း၊ မွန်ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စေတနာသဒ္ဒါတရားထက်သန်စွာ ဝိုင်းဝန်းပွဲပိုး လှူဒါန်းခဲ့ကြသောစေတနာရှင်၊ အလှူရှင်များအားလုံးအား ကျေးဇူးတင်ဝမ်းမြောက်မှုဖြင့် မှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြားရာတွင်ယနေ့ကျင်းပသည့် အခမ်းအနားသည် မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ပြည်သူများ အသိပညာ၊ ဗဟုသုတကြွယ်ဝရေးအတွက် မွန်ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းအောင်ပွဲအခမ်းအနားဖြစ်၍ နိုင်ငံတော်အတွက်လည်းကောင်း၊ မွန်ပြည်နယ်အတွက်လည်းကောင်း၊ ကျေးလက်ပြည်သူများအတွက်လည်းကောင်းမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် အခမ်းအနားဖြစ်ကြောင်း၊ ထိုကဲ့သို့ တိုင်းလုံးကျွတ်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မွန်ပြည်နယ်အတွင်းမှ စေတနာရှင်၊ အလှူရှင်များအားလည်း ကျေးလက်ပြည်သူများကိုယ်စား မိမိတို့ဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ရာ လူ့ဘောင်အဖွဲ့အစည်း၏ လုပ်ငန်းကိစ္စအဝဝဖြစ်သည့် ကုန်ထုတ်လုပ်ရေး၊ ပညာရေး၊ကျန်းမာရေးတို့တွင် နည်းပညာများကိုအသုံးပြု၍ ဆောင်ရွက်နေကြကြောင်း၊ အနာဂတ်တွင်လည်း မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပညာဖြင့် အရာရာကိုစေစားနိုင်သည့် အချိန်အခါတွင် မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းပြီး မလိုက်နိုင်ပါက နစ်နာဆုံးရှုံးမှုများစွာတွေ့ကြုံကြရမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ အမျိုးသားပညာရည်မြင့်မားရေးအတွက် အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ချမှတ်ဆောင်ရွက်ကာ ပညာရည် မြင့်မားရေးကို အလေးပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဂုဏ်ယူဝင့်ကြွားနိုင်

နိုင်ငံတော်အကြီးအကဲက မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲသင်ယူလေ့လာနေသောလူ့ဘောင်ဖြစ်စေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်စီမံပေးမှုကြောင့် ယနေ့လူငယ်၊ လူရွယ်များသည် မိမိတို့နိုင်ငံအတွင်း၌ပင် နိုင်ငံတကာ အဆင့်မီ ပညာရပ်များကိုအလွယ်တကူလက်လှမ်းတမီ သင်ယူနိုင်သည့်အခွင့်အလမ်းများ ရရှိနေကြပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ လူငယ်လူရွယ်များအတွက် အခွင့်အလမ်းများ ပွင့်လန်းနေသော်လည်း မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူများအတွက်မူ အသိပညာမြင့်မားရန်၊ ဗဟုသုတ တိုးပွားရန် အခွင့်အလမ်းနည်းပါးနေသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရန် စီမံချက်များကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းစီမံကိန်းကို ၂၀၀၄-၂၀၀၅ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ နိုင်ငံအတွင်း၌ ကျေးရွာ ၆၁၉၄၉ ရွာရှိသည့်အနက် ၂၀၀၆ ခုနှစ် မေ ၁၇ ရက်အထိ စာရင်းများအရ ကျေးရွာပေါင်း၅၄၁၇၇ရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်တည်ထောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊မွန်ပြည်နယ်တွင် ရပ်ကွက်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၁၂၈၀ ကို ပြည်နယ်လုံးကျွတ်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ပထမဦးဆုံးသော ကျေးရွာတိုင်း၌ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်တော့မည်ဖြစ်ကြောင်း၊ မိမိတို့သည် အမျိုးသားရေးတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်သည်ကို ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ အမျိုးသားရေးတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်သည်မှာ နိုင်ငံတော်၏ အား၊ ဒေသခံပြည်သူများ၏အားနှင့် စေတနာအလှူရှင်တို့၏ အားသုံးအား ပေါင်းစည်းမှုကြောင့်ဖြစ်ကြောင်း၊ စေတနာအလှူရှင်များ၏အားမှာ အရေးပါလှကြောင်း၊ မိမိတို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ (၁၄)ကြိမ် ကျင်းပခဲ့ရာ အလှူရှင်များထံမှစာအုပ်၊ စာစောင်ပေါင်း နှစ်သန်းနှင့် ရုပ်မြင်သံကြားနှင့်ရေဒီယိုတန်ဖိုး သိန်း ၁၉၀၀ ကျော် ငွေသားကျပ်သိန်းပေါင်း ၁၀၆၈ အပါအဝင် စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်းပေါင်း ၃၀၀၀ ကျော် လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် စေတနာရှင်၊ အလှူရှင်များက စာအုပ်စာစောင်နှင့် ငွေသားအပါအဝင် ငွေကျပ်သိန်းပေါင်း၂၀၀ ကျော် လှူဒါန်းကြမည်ဖြစ်ပြီး ယခင်ကလှူဒါန်းပြီးသည့် ငွေသိန်း၃၀၀ကျော် နှင့် ပေါင်းစပ်ပါက ငွေကျပ်သိန်း၅၀၀ကျော် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့လှူဒါန်း လိုက်သော စာအုပ်စာစောင်များ၊ ပစ္စည်းများနှင့် ငွေကြေးများကို မွန်ပြည်နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ၌သာ အသုံးပြုသွားမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ အောင်မြင်မှုများရရှိခြင်းမှာ အားသုံးအားကြောင့်ဖြစ်ရာ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ၎င်းအားသုံးအားဖြင့် ဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်မှုများ မလွဲမသွေရရှိမည်ဖြစ်ကြောင်းကို တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ရေရှည်လုပ်ငန်းစဉ်(၅)ရပ်

ထူထောင်ပြီးသားကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်တံ့ခိုင်မြဲစေရေးအတွက်လည်း ရေရှည်လုပ်ငန်းစဉ် (၅)ရပ်ဖြင့် ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရှိပြီး စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက်အဆောက်အအုံ မရှိသေးသည့်ကျေးရွာများ၌ အဆောက်အအုံဖြစ်လာရန်ဆောင်ရွက်စေရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများ စုံလင်စွာရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာကြည့်တိုက်ထိန်းသိမ်းရာတွင်ကျွမ်းကျင်သောစာကြည့်တိုက်မှူးများရရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း။

ယင်းလုပ်ငန်းစဉ်များကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ ကျေးရွာအလိုက် စာကြည့်တိုက် ကော်မတီများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိမိတို့ဌာနမှ ဝန်ထမ်းများဟူသောအားလေးအားဖြင့်ဆက်လက်ဆောင်ရွက်ကြရန်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက ပြည်နယ်လုံးကျွတ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေများ၊ ရုပ်မြင်သံကြားပြစက်များ၊ ရေဒီယိုများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းအား အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသော ရုပ်မြင်သံကြားပြစက်ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ရုပ်မြင်သံကြားပြစက်ကို ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်များက လှူဒါန်းသော ရုပ်မြင်သံကြားပြစက်များကို မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်နှင့် သထုံခရိုင်အတွင်းရှိ မြို့နယ်များကလှူဒါန်းသော ရုပ်မြင်သံကြားပြစက်များကို သထုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း မွန်ပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့် အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူရှင်များလှူဒါန်းသော အလှူငွေများ၊ ရုပ်မြင်သံကြားပြစက်များ၊ ရေဒီယိုများနှင့် စာအုပ်စာစောင်များကို လက်ခံစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဒုတိယ ဗိုလ်မှူးကြီး သော်ဇင်တို့က ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသောငွေကျပ်တစ်သိန်းကိုမွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ကလှူဒါန်းသော ငွေကျပ်တစ်သိန်းကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်၊ ပုံနှိပ်လုပ်ငန်းရှင်များ၊ သတင်းစာကိုယ်စားလှယ်များက လှူဒါန်းသော အလှူငွေကျပ် ၃၈၄၅၀၀ ကို ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ ငါးလုပ်ငန်း၊ စည်ပင်၊ ပညာရေး၊ ဆောက်လုပ်ရေး၊ မီးရထားဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် ၅၅၀၀၀၀ ကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်သိန်းဟန်၊ ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းငွေ ကျပ်တစ်သိန်းကို ခေတ္တအတွင်းရေးမှူး ဦးခွန်ဖေမြ၊ ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့က လှူဒါန်းငွေ ကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲနှင့် မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲများက လှူဒါန်းငွေကျပ် ၁၀သိန်းကို ပြည်နယ်ဗီဒီယို အခြေခံအဖွဲ့ခွဲဥက္ကဋ္ဌဦးချန် ထွန်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီနန္ဒာလှိုင်က လှူဒါန်းငွေ ကျပ်ငါးသိန်းကို အလှူရှင်ကိုယ်စား ဦးမောင်မောင်၊ အိုကေ ရတနာဆန်နှင့် အထွေထွေရောင်းဝယ်ရေးက လှူဒါန်းငွေကျပ်ငါးသိန်းကို အလှူရှင် ဦးမောင်ထွေးဝေ၊ မော်လမြိုင်မြို့ ဈေးသုံးဈေးက လှူဒါန်းငွေ ကျပ်လေးသိန်းကို အမှတ်(၁) ဈေးကော်မတီဥက္ကဋ္ဌဦးလှထွန်း၊မြင့်မိုရ်ဦး ဆောက်လုပ်ရေးက လှူဒါန်းငွေကျပ်သုံးသိန်းကို အလှူရှင်ဦးအောင်ဝင်းနိုင်နှင့် ဒေါ်သီသီလွင်၊ ဟုန်းတောက်ဆောက် လုပ်ရေးအဖွဲ့က လှူဒါန်းငွေကျပ် ၁၅၀၀၀၀ ကို အလှူရှင်များက လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အား အလှူရှင် ဦးကိုကိုနိုင်က ငွေကျပ်တစ်သိန်း၊ ကျော်ပုံနှိပ်တိုက်က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းအား မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ အလှူရှင်များလှူဒါန်းသော ရေဒီယိုအလုံး ၆၀ကို အလှူရှင်များကိုယ်စား မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းစာအုပ် ၆၀၀ကို ဦးစီးအရာရှိ ဒေါ်ခင်မြင့်ချို၊ စေတနာရှင် ၁၀ဦးတို့က လှူဒါန်းသော စာအုပ်စာစောင် ၄၀၀၇အုပ်ကို အလှူရှင်များကိုယ်စား ဦးမင်းဝေ၊ ကျော်ကျော် စာပေက မဂ္ဂဇင်း ၂၀၀ကို အလှူရှင်ဦးကျော်လွင်နှင့် မြလင်းရောင် စာပေက မဂ္ဂဇင်း ၂၀၀ကို အလှူရှင် ဦးဝင်းမြင့်တို့က ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်းပွဲအပြီးတွင် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် စာကြည့်တိုက်ဖွင့်လှစ်ခဲ့ခြင်း ဓာတ်ပုံမှတ်တမ်း ပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလှူဒါန်းပွဲတွင် ငွေသားအလှူရှင် ၆၂ဦးတို့က ငွေကျပ် ၅၀၉၄၅၀၀၊ ရုပ်မြင်သံကြားပြစက် ၅၄ လုံးနှင့် ရေဒီယို အလုံး ၆၀တို့၏ စုစုပေါင်း တန်ဖိုး ငွေကျပ် ၆၆၀၃၁၀၀ နှင့် စာအုပ်စာစောင်ပေါင်း ၄၀၀၇ အုပ်၏ တန်ဖိုးငွေကျပ် စုစုပေါင်း ၂၂၇၄၁၁၀၀တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဖွင့်လှစ်ပြီးကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၁၉၈ တိုက်အတွက် ယခင်က လှူဒါန်းရရှိငွေမှာ ငွေ ၂၃၁၁၃၉၂၅ ကျပ်၊ နှစ်ရပ်ပေါင်း ငွေ ၅၀၈၅၅၀၂၅ကျပ် ဖြစ်ကြောင်း သိရှိရသည်။

ဆွေးနွေးမှာကြား

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇွန် ၆ရက်နံနက်ပိုင်းတွင် ကျိုက်ထိုမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စာကြည့်တိုက်ရေရှည် တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ စာကြည့်တိုက် အဆောက်အအုံများ တိုးပွားရေး၊ စာကြည့်တိုက်အတွက် ပရိဘောဂများဖြည့်တင်းရေး၊ စာကြည့်တိုက်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ရှေးအစဉ်အဆက်ကပင် ရင်းနှီးချစ်ကြည်စွာအတူတကွ မှီတင်းနေထိုင်လာခဲ့ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းစသည့် တိုင်းရင်းသားလူမျိုးစုညီအစ်ကိုမောင်နှမများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ နေထိုင်ပုံဓလေ့စရိုက်များကို တစုတစည်းတည်း၊ တစ်နေရာတည်းတွင် လေ့လာသိရှိနိုင်ပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုဖြစ်ထွန်းစေရန် ရည်ရွယ်လျက် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာကြီးကို တည်ဆောက်ပြသထားခြင်းဖြစ်သည်။

တိုင်းရင်းသားကျေးရွာ အဝင်ဝ၌ အခြေခံတိုင်ကြီးရှစ်တိုင်ဖြင့် တည်ဆောက်ထားသော မုခ်ဦးကြီးသည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း ပေါင်းစည်းညီညွတ်ခြင်း သဘောကို ဖော်ဆောင်လျက်ရှိသည်။ အေးချမ်းသာယာသော ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ပရဝဏ်အတွင်း၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားမျိုးနွယ်စု အားလုံးသည် ဥမကွဲသိုက်မပျက်စုစည်းနေထိုင်လျက် ရှိကြသည်။ ကူးလူးသွားလာနေကြသည်။ တစ်ဦး၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်ဦးက လေးစားလိုက်နာကြသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားအားလုံး မှီတင်းနေထိုင်ရာ တစ်ခုတည်းသော အမိမြေ။ ဤအမိမြေပေါ်၌ ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာပေါင်းများစွာ တည်ရှိနေသည်။ ပြည်ထောင်စုငယ်ကလေးများသဖွယ် ဖြစ်တည်နေကြသည်။

*** ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ်ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။**

*** ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ် စိတ်ဓာတ်ဖြစ်သည်။**

ရန်ကုန်တိုင်း သာကေတမြို့နယ် သန်လျင် တံတားကြီးအနီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထွန်းကားရာနေရာ တစ်ခုဟု ညွှန်းဆိုလိုက်ချင်ပါသည်။ ။

ကြေးမုံ The Mirror အင်တာနက် စီးပွားရေးသတင်း

သဘာဝစိန်ထက် ပိုမိုတောက်ပြောင်သည့်စိန် ထုတ်လုပ်နိုင်ပြီ ဆီလီကွန်ကိုအစားထိုးမည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းဖန်တီးနိုင်

ဘော်စတွန် ဇွန် ၇

သိပ္ပံပညာရှင်များသည် ဆယ်စုနှစ်ပေါင်းများစွာ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြပြီးနောက် သဘာဝစိန်ထက် ပိုမိုတောက်ပြောင်မှုရှိသည့် ဓာတုဗေဒစိန်များကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ဇွန် ၇ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

သဘာဝစိန်ထက် ပိုမိုတောက်ပြောင်သောစိန်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

သိပ္ပံပညာရှင်များ၏နည်းပညာဆန်းသစ်ဖော်ထုတ်ချက်အရ တစ်ရက်တာကာလ အတွင်းမှာပင် နှစ်ကာရက်ကျော် အလေးချိန်ရှိသည့် သလင်းကျောက်စိန်များကို ထုတ်လုပ်နိုင်စွမ်းရှိကြောင်း အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ရှိ အပိုလိုစိန်လုပ်ငန်း အင်ကော်ပိုရိတ်တက်က ပြောကြားသည်။

တောက်ပြောင်သော စိန်များကို ဖန်တီးဖော်ထုတ်နိုင်ရန် Chemical Vapor Deposition (CVD) ဟူ၍ အမည်ပေးထားသော ဓာတုဗေဒလုပ်ငန်းစဉ်ကို အသုံးပြုရမည်ဟုဆိုသည်။

သိပ္ပံပညာရှင်များ၏ ရည်မှန်းချက်မှာ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ (ဆီမီးကွန်ဒတ်တာများ)ကို စိန်ဖြင့် ပြုလုပ်နိုင်ရန်ဖြစ်သည်။ စိန်ဖြင့်ပြုလုပ်သည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများသည် ဆီလီကွန်ဒြပ်ဝတ္ထုများထက် အဆရာပေါင်းများစွာ စွမ်းရည်ပိုမိုမြင့်မားမည်ဖြစ်သည်။ ဆီလီကွန်ဟူသည် အီလက်ထရွန်းနစ်နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများတွင် အသုံးပြုသော တစ်ပိုင်းလျှပ်ကူးပစ္စည်း ဒြပ်ဝတ္ထုဖြစ်သည်။ ဆီလီကွန်ကို ကျောက်များ၊ ပင်လယ်ကမ်းခြေသဲများတွင် တွေ့နိုင်သည်။ ဆီလီကွန်ကို အခြားဒြပ်ဖြင့် အသားညှပ်အစားသွင်းပေးလျှင် တစ်ပိုင်းလျှပ်ကူးပစ္စည်းဖြစ်လာသည်။ ကြီးမားသော ဆလင်ဒါပုံဆီလီကွန် အခဲကြီးများကို အလွှာများ (Wafers) အဖြစ် ဖြတ်တောက်ပြီး အလင်းသိဆေးသားဖြင့် ပုံဖော်လိုက်လျှင် လျှပ်စစ်ပတ်လမ်းများ ဖြစ်လာပြီး ဆီလီကွန်ချစ်ပ်ကလေးများကိုရရှိသည်။

အပိုလိုစိန်လုပ်ငန်း အင်ကော်ပိုရိတ်တက်နှင့် ကားနက်ဂျီသိပ္ပံ ဘူမိရူပဆိုင်ရာ ဓာတ်ခွဲခန်းမှ သုတေသနပညာရှင်များသည်ယခုအချိန်အထိ ပေါ်ထွက်ခဲ့ဖူးသမျှ စိန်များအနက် အပြစ် အနာအဆာ အနည်းဆုံးစိန်များကို ထုတ်လုပ်ထားသည်။

ထိုစဉ်အတွင်း နယ်သာလန်နိုင်ငံမှ စိန်ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော Element Six ဦးဆောင်ပါဝင်သော ဥရောပကာဗွန်စွမ်းအင် အီလက်ထရွန်းနစ် အုပ်စုသည် စိန်တုများကိုအသုံးပြု၍ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ထုတ်လုပ်နိုင်သည့် နည်းလမ်းကိုရှာဖွေတွေ့ရှိထားသည်ဟုဆိုသည်။

အင်တာနက်

ဂျပန်တွင် သက်ကြီးရွယ်အိုဦးရေ တိုးပွားမှုကြောင့် သက်ကြီးလုပ်သားများကို ဆက်လက်ငှားရမ်းလုပ်ကိုင်နေရ

တိုကျို ဇွန် ၇

ဂျပန်နိုင်ငံတွင် အသက်အရွယ်ကြီးသူဦးရေ အချိုးအစားကြီးထွားလာခြင်းနှင့်အတူ အသက်အရွယ်ပိုမို ငယ်ရွယ်သော အလုပ်သမားများရရှိနိုင်မှု အခြေအနေနည်းပါးသွားရာဂျပန်လေကြောင်းဌာန အပါအဝင် ကုမ္ပဏီအချို့သည် အသက် (၆၀)ပြည့်၍ အလုပ်မှအနားယူသည့် ဝါရင့်အလုပ်သမားများကို ပြန်လည်ငှားရမ်းလုပ်ကိုင်နေရကြောင်း ဇွန် ၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံနည်းတူ စင်ကာပူနိုင်ငံတွင်လည်း အလားတူပြဿနာတွေ့ကြုံနေရကြောင်း စင်ကာပူနိုင်ငံရှိ ချန်နယ်နယူးစ်အေးရှား ရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်လွှင့်သည်။

ဂျပန်လေကြောင်းဌာန၏ အတွေ့အကြုံ ရင့်ကျက်ပြီးဖြစ်သော အလုပ်သမားများကို ပြန်လည်ငှားရမ်းလုပ်ကိုင်ခြင်းဖြင့် ဝန်ထမ်းအင်အားချို့တဲ့မှုကြောင့် ဖြစ်ပေါ်ရသော ပြဿနာများမှ ရှောင်လွှဲနိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံ တိုကျိုအရှေ့ပိုင်းရှိ နာရိတာလေဆိပ်တွင် ဂျပန်လေကြောင်းဌာနမှ အလုပ်သမားတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အသက် (၆၀) ပြည့်သော်လည်း ကျန်းမာရေး ပြည့်စုံကောင်းမွန်သော အလုပ်သမားကြီးများသည် လူငယ်မျိုးဆက်သစ် အလုပ်သမားများကို နည်းပညာနှင့် အတွေ့အကြုံတို့အရ သင်ကြားပြသပေးနိုင်သည်ဟု ဆိုသည်။

ယခင်ကဆိုလျှင် အသက် (၆၀) ပြည့်သူများကို အလုပ်ရှင်များက ငှားရမ်းရန် များစွာခက်ခဲကြောင်း၊ သို့ရာတွင် မိမိသည် အသက် (၆၀) ပြည့်ပြီးဖြစ်သည့်တိုင်အောင် ဆက်လက်အလုပ်လုပ်ကိုင်ခွင့်ရရှိသဖြင့် မိမိ၏ လုပ်ငန်းစွမ်းရည်များကို ဆက်လက်အသုံးချနိုင်ရန် အခွင့်အလမ်းရရှိကြောင်း တာနာကာအမည်ရှိ လေယာဉ်စက်ပြင်ဆရာတစ်ဦးက ပြောကြားသည်။

အင်တာနက်

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

တနင်္သာရီတိုင်းတွင် ရော်ဘာစိုက်ပျိုးရန် မြေလွတ်မြေရိုင်းများစွာရှိနေ နိုင်ငံခြားဝင်ငွေရနိုင်သည့်ရော်ဘာကို တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်စိုက်ပျိုး ဌာနဆိုင်ရာများကလည်း ရော်ဘာစိုက်ပျိုးရေး လိုအပ်သည်များ ကူညီပေး

ရန်ကုန် ဇွန် ၇

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၄ ရက် နံနက် ၈နာရီ ၁၀မိနစ်တွင် မြိတ်မြို့မှ ပပြင်ကျေးရွာသို့ရောက်ရှိပြီး မင်းထွန်းထရေးဒင်းကုမ္ပဏီ၏ ရော်ဘာစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တနင်္သာရီတိုင်း မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာ ဦးခွန်ရွှေသင်းက တနင်္သာရီတိုင်းအတွင်း ရော်ဘာဧကနှစ်သိန်း ပြည့်မီရေးကို စီမံချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မင်းထွန်းထရေးဒင်းကုမ္ပဏီမှ စီမံကိန်းတာဝန်ခံ ဦးအေးလွင်က ပပြင်ကျေးရွာ၌ ရော်ဘာဧက ၁၀၀၀ စိုက်ပျိုးရန်မြေရယူထားမှုနှင့် သုံးနှစ်အတွင်း ဧက ၁၀၀၀ ပြည့်မီ စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ထို့နောက် တိုင်းမှူးက တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ရော်ဘာစိုက်ပျိုးလိုသူများ စိုက်ပျိုးမြေ အလွယ်တကူရရှိရေးအတွက် လုပ်ကိုင်ခွင့်များကို အမြန်ဆုံး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ခေတ်မီစိုက်ပျိုးနည်းပညာများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းအတွင်း ရော်ဘာစိုက်ပျိုးလုပ်ကိုင်သူများအား ကြိုတင်လုပ်ကိုင်ခွင့် မြေဧရိယာ ၄၀၇၇၅ဧကအနက် ၃၂၁၂၇ ဧကကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မိမိတို့အနီးအနားရှိ ပြည်ထောင်စု ကားလမ်း ဝဲ/ယာ၏ မြေလွတ်မြေရိုင်းများ၌ စိုက်ပျိုးလိုပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရော်ဘာ စတင်စိုက်ပျိုးသည့် စိုက်ခင်းများကြား၌ ဝမ်းစာစပါးရရှိရန်နှင့် ဒေသဝမ်းစာ ဖူလုံမှုတို့အထောက်အကူပြုနိုင်သည့် သီးညှပ်ယာစပါးကိုပါ ထည့်သွင်းစိုက်ပျိုးကြပါက မိသားစု၏စီးပွားရေး အဆင်ပြေမည်ဖြစ်၍ ရော်ဘာကို အထူးအလေးထား စိုက်ပျိုးကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သရက်ချောင်းမြို့နယ် အောက်သရက်ချောင်းကျေးရွာရှိ အဏ္ဏဝါစိုးမိုးကုမ္ပဏီ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတွင် ကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

ဆက်လက်၍ မြိတ်ကျွန်းစုများဖြစ်ကြသည့် တန်ပေါ်ကြီးကျွန်းနှင့် ပါဝယ်ကျွန်းများ၌ ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းများလာရောက် လုပ်ကိုင်နေသော Ever Green Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းသည် ရေရှည်အကျိုးဖြစ်ထွန်းသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် မြိတ်မြို့မှ မိုင် ၇၀ ကွာဝေးသော ကျွန်းစုများ၌ လာရောက် ရင်းနှီးမြှုပ်နှံလျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ယနေ့အခမ်းအနားသည် ဒေသခံပြည်သူများအား ရော်ဘာစိုက်ပျိုးရေးနည်းပညာများကို ခေါ်ယူပြသသည့် အခမ်းအနားတစ်ခုလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက တနင်္သာရီတိုင်းအတွင်း ရော်ဘာဧက နှစ်သိန်းပြည့်မီအောင် စိုက်ပျိုးသွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ တနင်္သာရီတိုင်းသည် ရော်ဘာစိုက်ပျိုးရန် မြေလွတ်မြေရိုင်းများစွာရှိနေပြီး ဒေသခံများအနေဖြင့် ရော်ဘာသီးနှံ စိုက်ပျိုးရေးသည် အကျွမ်းတဝင်ရှိနေကြပြီးဖြစ်ကြောင်း၊ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်သည့် အခြေအနေကောင်းများလည်းရှိကြောင်း။

ယနေ့နိုင်ငံတော်တွင် စိုက်ပျိုးရေးထွက်ကုန်မှ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသည့် သီးနှံများအနက် ပဲမျိုးစုံပြီးလျှင် ရော်ဘာသည် နိုင်ငံခြားဝင်ငွေ ဒုတိယအများဆုံး ရှာဖွေပေးနေသော သီးနှံဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လမ်းများ၊ တံတားများ၊ ဆည်မြောင်း တာတမံကြီးများကို တည်ဆောက်ပေးလျက်ရှိရာ ယနေ့ရောက်ရှိနေသည့် ပပြင်ကျေးရွာသည်ပင်လျှင် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သော်လည်း ယခုအခါ ရန်ကုန်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးကြောင့် ယခင်ကနှင့်မတူ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံခြားဝင်ငွေ ရရှိနိုင်သည့် စက်မှုကုန်ကြမ်းဖြစ်သော ရော်ဘာကို ဒေသခံပြည်သူများအနေဖြင့် တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် စိုက်ပျိုးကြရန် အထူးအလေးအနက်ထား မှာကြားလိုကြောင်း။

ကူညီဆောင်ရွက်

တနင်္သာရီတိုင်းသည် မြေသယံဇာတ ကောင်းမွန်ပြီး ရာသီဥတုကောင်းမွန်သည့်ဒေသဖြစ်ရာ မိသားစုဝင်ငွေ တိုးတက်ရေးအတွက် ရော်ဘာကို စိုက်ပျိုးကြရန်နှင့် ဌာနဆိုင်ရာများအနေဖြင့်လည်း ရော်ဘာစိုက်ပျိုးရေးအတွက် လိုအပ်သော ကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မင်းထွန်းထရေးဒင်းကုမ္ပဏီ၏ ရော်ဘာစိုက်ခင်းအတွင်း၌ ရော်ဘာပျိုးပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ ရော်ဘာပျိုးပင်များ စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

မင်းထွန်းထရေးဒင်းကုမ္ပဏီက ယခုနှစ် ရော်ဘာစိုက်ပျိုးရေးရာသီတွင် ဧက ၂၀၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

မိုးစပါးစုပေါင်းထွန်ယက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ မြို့ရှောင်လမ်းကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ပုလောမြို့နယ် မကြီးကုန်းကျေးရွာသို့ ရောက်ရှိကြ၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တောင်သူများနှင့်အတူ ပုလောမြို့နယ်၏ ၂၀၀၆-၂၀၀၇ ခုနှစ် စိုက်ပျိုးရေးရာသီ မိုးစပါး စုပေါင်းထွန်ယက်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ တိုင်းမြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးတင်မောင်မြင့်က တိုင်းအတွင်း မိုးစပါးဧကငါးသိန်း ပြည့်မီရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ တိုင်းမှူးက ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးနှင့် နွေစပါး စိုက်ပျိုးရေးရာသီတို့တွင် သတ်မှတ်ဧက ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်း တိုးတက်မှုရရှိရေးတို့အတွက် ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မင်္ဂလာရှိသောနေ့

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တနင်္သာရီတိုင်းတွင် မုတ်သုံမိုး စော၍ ဝင်ရောက်ခဲ့သဖြင့် တောင်သူလယ်သမားများ အနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများကို စောစောစီးစီး ဝင်ရောက်နိုင်ကာ လယ်ယာပြုပြင်ရေး လုပ်ငန်းများကို စတင်နိုင်ပြီဖြစ်၍လည်း နိုင်ငံတော်အတွက်ရော တနင်္သာရီတိုင်းအတွက်ပါ မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါး ၁၆ ဒသမ ၄၄သန်းဧကစိုက်ပျိုးပြီး အထွက်တင်းပေါင်း ၁၁၈၀ရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်း၌ ယခုနှစ်တွင် မိုးစပါးဧက ငါးသိန်း၊ နွေစပါးဧက ငါးသောင်း၊ ဆီအုန်းဧက ငါးသိန်း၊ ရော်ဘာဧက နှစ်သိန်း၊ ငရုတ်ကောင်း ဧက ၃၆၈၄၁ ပြည့်မီရေးနှင့် ခြံစည်းရိုးကြက်ဆူပင် ဧက ငါးသိန်း စိုက်ပျိုးရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဝမ်းစာဖူလုံရေး

တနင်္သာရီတိုင်း၏ ဒေသဝမ်းစာဖူလုံရေးကိုကြည့်ပါက ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၉၉ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ၁၁၅ဒသမ ၂၈ရာခိုင်နှုန်း ရရှိပြီးဖြစ်သော်လည်း နှစ်စဉ် တိုးတက်လာသော လူဦးရေအတွက် ယခုကတည်းက ကြိုတင်မြော်တွေးကာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိုက်ဧကပြည့်မီရေး ကြိုးစားနေရုံသာမက တစ်ဖက်ကလည်း လုပ်မြေဖော်ခြင်း၊ မြေရိုင်းဖော်ခြင်း၊ တာပတ်ခြင်း၊ ခနိုကို စပါးပြောင်းခြင်း၊ တောင်ယာစိုက်ပျိုးခြင်းနှင့် သီးညှပ်စိုက်ပျိုးခြင်း၊ နည်းလမ်းခြောက်သွယ်ဖြင့် လျာထားချက်ပြည့်မီစေရန် အစဉ်အမြဲ ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း။

တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် နည်းလမ်းလေးသွယ် ဖြစ်သည့် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးများ သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်အသုံးပြုရေး၊ ရေတော်မိုးတော်စိုက်ဧက တိုးတက်ဖြစ်ပေါ်လာရေးတို့ကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စက်ကိရိယာအသုံးပြု

ထိုကဲ့သို့ လယ်ယာထွက်ကုန် တိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာ၌ စက်ကိရိယာများကို အသုံးပြု၍ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းများကို ဆောင်ရွက်သွားကြရန်လည်း တစ်ဆက်တည်း မှာကြားလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် အခြေခံအကျဆုံး စီးပွားရေးလုပ်ငန်းဖြစ်သကဲ့သို့ လူများစုဖြစ်သော ကျေးလက်ပြည်သူများ၏ ပင်မ အသက်မွေးဝမ်းကျောင်းလည်းဖြစ်ရာ ယနေ့ထွန်ယက်ပွဲသို့ တက်ရောက်လာကြသော ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူလယ်သမားများက တနင်္သာရီတိုင်း၏ ဒေသဆန် ပိုလျှံရေးနှင့် လယ်ယာကဏ္ဍ ရည်မှန်းချက်များ အောင်မြင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ပုလောမြို့နယ် မကြီးကုန်းကျေးရွာ လယ်ယာမြေများ၌ စက်ကိရိယာများဖြင့် စုပေါင်းထွန်ယက်နေမှုကို ကြည့်ရှုအားပေးကြသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ပလောက်တပ်နယ်သို့ ရောက်ရှိ၍ ပလောက်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံကာ အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် သရက်ချောင်းမြို့နယ် အောက်သရက်ချောင်းကျေးရွာရှိ အဏ္ဏဝါစိုးမိုး ကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တနင်္သာရီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးတင်မောင်မြင့်က တနင်္သာရီတိုင်း၏ ဆီအုန်းစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ အဏ္ဏဝါစိုးမိုးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကင်းစိန်က ဆီအုန်းစီမံကိန်းရှိ ဝန်ထမ်းအင်အားအခြေအနေ၊ ၁၉၉၈ ခုနှစ်မှစတင်၍ ယခုအထိ ရော်ဘာဧက ၅၀၀၀ စိုက်ပျိုးနိုင်ခဲ့မှုနှင့် ဆီသီးထွက်ရှိမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နှစ်စဉ်စိုက်ဧက တိုးတက်ရရှိရန် တိုးချဲ့စိုက်ပျိုးသွားရေးနှင့် ခြံစည်းရိုးကြက်ဆူပင်ကိုလည်း သီးညှပ်အဖြစ် ထည့်သွင်းစိုက်ပျိုးသွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးတို့သည် အဏ္ဏဝါစိုးမိုး ကုမ္ပဏီအတွင်း ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အိမ်ခြံဝင်းများအတွင်း မိသားစု တစ်ပိုင်တစ်နိုင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးသွားကြရေး မှာကြားပြီး ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် သရက်ချောင်းမြို့နယ် ရဲကျေးရွာ၌ ကျင်းပသည့် ထားဝယ်ခရိုင်၏ ၂၀၀၆-၂၀၀၇ ခုနှစ် စိုက်ပျိုးရာသီ စုပေါင်းထွန်ယက်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမြင့်သန်းတို့က စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ယခုလာမည့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ယမန်နှစ်များထက် အထွက်နှုန်း တိုးတက်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရှင်လန်းယောဂအစွမ်း
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၅:၁၀** ၈။ မျိုးချစ်တပ်မတော်
- **၅:၂၀** ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၅** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့ အိမ်ကလေး" (အပိုင်း-၃၄)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်က သိုင်းလုလင်" (ဒုတိယတွဲ)(အပိုင်း-၁)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ညောင်ဇင်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်တို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ချောင်းမြို့နယ် အောက်သရက်ချောင်းကျေးရွာရှိ အဏ္ဏဝါစိုးမိုး ကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တနင်္သာရီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးတင်မောင်မြင့်က တနင်္သာရီတိုင်း၏ ဆီအုန်းစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ အဏ္ဏဝါစိုးမိုးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကင်းစိန်က ဆီအုန်းစီမံကိန်းရှိ ဝန်ထမ်းအင်အားအခြေအနေ၊ ၁၉၉၈ ခုနှစ်မှစတင်၍ ယခုအထိ ဧကဘာ ဧက ၅၀၀၀ စိုက်ပျိုးနိုင်ခဲ့မှုနှင့် ဆီသီးထွက်ရှိမှု အခြေအနေတို့ကိုလည်းကောင်းရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နှစ်စဉ်စိုက်ဧက တိုးတက်ရရှိရန် တိုးချဲ့စိုက်ပျိုးသွားရေးနှင့် ခြံစည်းရိုးကြက်ဆူပင်ကိုလည်း သီးညှပ်အဖြစ် ထည့်သွင်းစိုက်ပျိုးသွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးတို့သည် အဏ္ဏဝါစိုးမိုး ကုမ္ပဏီအတွင်း ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အိမ်ခြံဝင်းများအတွင်း မိသားစု တစ်ပိုင်တစ်နိုင် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးသွားကြရေး မှာကြားပြီး ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် သရက်ချောင်းမြို့နယ် ရင်ကျေးရွာ၌ ကျင်းပသည့် ထားဝယ်ခရိုင်၏ ၂၀၀၆-၂၀၀၇ ခုနှစ် စိုက်ပျိုးရာသီ စပေါင်းထွန်ယက်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမြင့်သန်းတို့က စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ယခုလာမည့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ယမန်နှစ်များထက် အထွက်နှုန်း တိုးတက်မှု ရရှိရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

အထောက်အကူပြု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သရက်ချောင်းမြို့နယ်သည် တနင်္သာရီတိုင်း၏ ဒေသဝမ်းစာဖူလုံရေးတွင် များစွာအထောက်အကူပြုအားထားရသော မြို့နယ်တစ်ခုဖြစ်ကြောင်း၊ မြို့နယ်အတွင်းပါရှိသည့် ရင်ကျေးရွာသည် သရက်ချောင်းမြို့နယ်အတွင်း မိုးစပါး နွေစပါး အများဆုံးစိုက်ပျိုးပေးသော ကျေးရွာဖြစ်သဖြင့် ဒေသခံ တောင်သူများကို အထူးပင် ကျေးဇူးတင်ရှိကြောင်း။

တနင်္သာရီတိုင်းသည် မြေသြဇာနှင့် ရာသီဥတုကောင်းမွန်သော ဒေသဖြစ်ရာ သရက်ချောင်းမြို့နယ် အပါအဝင် မြို့နယ်တိုင်းသည် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ပြီး တိုးချဲ့စိုက်ပျိုးကြရန် မှာကြားလိုကြောင်း။

မိုးစပါးနှင့်နွေစပါးသာမက ဒေသနှင့်ကိုက်ညီသည့် ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုး ကြက်ဆူပင်တို့ကိုပါ တိုးချဲ့စိုက်ပျိုးကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မိုးစပါး စိုက်ပျိုးရန် ခေတ်မီလယ်ယာသုံး စက်ကိရိယာများဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့နယ် ညောင်ဇင်စံပြကျေးရွာသို့ ရောက်ရှိကြပြီး ညောင်ဇင်စံပြကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယို၊ အလှူငွေနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးဖေသန်းက စာကြည့်တိုက် ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြည်က တနင်္သာရီတိုင်းအတွင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ၁၁၁၆တိုက် ဖွင့်လှစ်နိုင်ခဲ့မှုအခြေအနေကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက စာကြည့်တိုက်ကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းဆောင်ရွက်ကြရေးနှင့် လိုအပ်သော ကိစ္စအဝဝများ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ညောင်ဇင်စံပြကျေးရွာအတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဝေက လက်ခံသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက ရေဒီယိုငါးလုံးနှင့် စာအုပ် ၂၅၀ တို့ကိုလည်းကောင်း၊ တနင်္သာရီတိုင်း ရေလုပ်ငန်းရှင်များ အဖွဲ့ဝင် သီရိသုခမ္မမဏ္ဍိဇောတရေ ဦးအောင်ဝင်းနှင့်မိသားစုတို့က အလှူငွေကျပ် ၁၀သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက် ကော်မတီဝင် ဦးကြည်ရှိန်နှင့် ဦးအေးကြူတို့က လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညောင်ဇင်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ညောင်ဇင်စံပြကျေးရွာ စာကြည့်တိုက်၌ စာကြည့်တိုက် အသင်းဝင် ၂၆၅ဦးတို့ရှိပြီး စာကြည့်တိုက်၌ သုတရသ စာအုပ်ပေါင်း ၃၂၇၆အုပ် စုဆောင်းထားရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့သို့ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးမှာကြား

ရန်ကုန် ဇွန် ၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့်သည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်တို့ လိုက်ပါလျက် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ ဇွန် ၄ ရက် နံနက်ပိုင်းတွင် ရောက်ရှိကြသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပတ္တမြားခန်းမ၌ ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းနှင့် တက္ကသိုလ်ဝန်ထမ်းများအား ရင်းနှီးစွာတွေ့ဆုံ၍ တက္ကသိုလ်၏ လေ့ကျင့်သင်ကြားမှု စွမ်းရည်မြင့်မားစေရေးအတွက် တက္ကသိုလ်ဝန်ထမ်းများ၏ တစ်ဦးချင်းအရည်အသွေးများ စဉ်ဆက်မပြတ် မြှင့်တင်နေကြရန်နှင့် နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်ပေးလျက်ရှိသော စံပြတက္ကသိုလ်ကြီးအဖြစ် ရပ်တည်နိုင်စေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ပျော်ရွှင်မှုကိုခံစားစေမည့် ဘက်စုံကစားကွင်းဆီ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	Scienec Tech Today (ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်း) (ကိုကို-စက်မှုတက္ကသိုလ်၊ ဦးထွန်းလွင်)
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	မိုးလေဝသခန့်မှန်းချက်
၈း၂၅	ဂီတရေစီးကြောင်းထဲက ဂီတာ
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ဝါသနာရှင်စင်မြင့်
၉း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	World Cup Special (Group-F)
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၁၀	အထွက်ကောင်း၊ အရည်အသွေးကောင်း မော်ဘီ(၃) စပါးမျိုးသစ်
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	သူတို့ပြောတဲ့ သူတို့အကြောင်း (မော်ဒယ် ထက်ထက်ဝင့် နှင့် တွေ့ဆုံခြင်း)
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ကလေးတို့အကြိုက် ဂျယ်လီပြုလုပ်နည်း)
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	လူငယ်အားမာန်နှင့် ပန်းပျိုးသူတို့၏လက်
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	ငွေကြယ်ပွင့်တို့၏ ဖြစ်တည်မှု (စည်သူလွင်နှင့် သူ၏အနုပညာခရီး)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ပုပ္ပားကျောင်း ဘုရားများအနေကဇာတင် ကျင်းပမည်

ရန်ကုန် ဇွန် ၇

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းတိုက်ကို စတင်တည်ထောင်သွားသော ပုပ္ပားဆရာတော် ဦးကုမာရအား အမှူးထားလျက် ပုပ္ပားကျောင်း ပဓာနနာယက(မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စ ကြီးမှူး၍ အောင်တော်မူစေတီ၊ ကမ္ဘာကပ်ကျော်ရွှေစေတီ၊ မဟာမြတ်မုနိဘုရားကြီး၊ သိဒ္ဓိရှင်စေတီ၊ နဂါးရုံဘုရားကြီး၊ လိုတိုင်းရ တတိုင်းပြီးစေတီ၊ ကမ္ဘာလုံးငွေစေတီ၊ ပတ္တမြားစေတီ၊ မဟာစေတီ၊ ပြည့်ဝကျောင်းဆောင်တွင်းဘုရား၊ မြို့ထောင့်အေးငြိမ်းချမ်းသာစေတီ၊ ဓမ္မာရုံဆွမ်းစားကျောင်းဘုရား၊ သဲပုံ နှစ်ကျိပ်ရှစ်ဆူစေတီ၊ ဓာတ်ပေါင်းစုစေတီ၊ ပဋ္ဌဝဂ္ဂိဘုရားများကို ၁၃၆၈ခုနှစ်(နယုန်လပြည့်) မဟာသမယနေ့၌ နံနက် ၈ နာရီတွင် သံဃာတော်အရှင်မြတ်တို့က အနေကဇာတင်မည်ဖြစ်ပါ၍ ဘုရားဒါယကာ၊ ဘုရားဒါယိကာမများ လာရောက်ကြရန်နှင့် ဖုန်း-၆၀၀၀၂၈ နှင့် ၆၀၀၂၁၄ သို့ ဆက်သွယ်၍ အလှူငွေများ လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

၁၀ ရက် တရားစခန်း ဖွင့်မည်

ရန်ကုန် ဇွန် ၇

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့်၊ အနာဂါမ် ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အလုပ်ပေးတရားတော်မြတ်ကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇွန် ၁၅ ရက်မှ ၂၄ ရက်အထိ မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအတွင်း စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပဋ္ဌာန်းပဥ္စာဝါရ အထက်ယမိုက်ကျမ်း ပို့ချမည်

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှုရတနာကျောင်း၌ စာချဆရာတော် အရှင်တေဇနိယ (ယမကအလင်းရောင်၊ ပဋ္ဌာန်းအလင်းရောင်)က ဇွန် ၁၅ရက်(ကြာသပတေးနေ့) နံနက် ၇နာရီခွဲမှ ၈နာရီ ၄၅မိနစ်အထိ ပဋ္ဌာန်းပဥ္စာဝါရမှ စတင်၍ လူပုဂ္ဂိုလ်များအတွက် ပို့ချမည်ဖြစ်ပြီး သင်္ဂြိုဟ်အခြေခံရှိသူများ တက်ရောက်နိုင်ကြောင်းနှင့် ထိုနေ့ ညနေ ၄နာရီတွင် အထက်ယမိုက်ကျမ်းကို စတင်ပို့ချမည်ဖြစ်သည်။ (၂၃)

ဝါးခယ်မမြို့နယ်အသင်း ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၇

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ရန်ကုန်မြို့ရောက် ဝါးခယ်မ အထက(၁)နှင့်(၂)၊ အလက(၁)နှင့်(၂)တို့မှ သက်ပြည့်အငြိမ်းစား ဆရာကြီး၊ဆရာမကြီးတို့အား (၁၂)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို အသင်းတိုက်တည်ရှိရာ ရန်ကုန်မြို့ စဉ့်အိုးတန်းလမ်း အမှတ်(၁၂)တွင် ဇွန် ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ ကျင်းပမည်ဖြစ်သည်။

အကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဇွန် ၁၅ ရက်နောက်ဆုံးထား၍ အသင်းတိုက် ဖုန်း-၂၂၆၅၉၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	အကပဒေသာ
၈း၂၀	၈။	ဖောင်းကတောရေလှောင်တမံ
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Let's Go.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	English for Everyday Use
၄း၄၀	၄။	တေးဂီတအစီအစဉ်
၄း၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅း၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၁၅	၇။	လက်ဆင့်ကမ်းပေးဂီတတေး (ပတ္တလား)
၅း၂၀	၈။	တေးဂီတအစီအစဉ်
၅း၃၅	၉။	**"သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း-၁) (ဝါးခယ်မရဲမောင်၊ ဘုန်းသျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊အိုင်းရစ်လေပြေဦး) [ဒါရိုက်တာ-မင်းအုပ်စိုး]**
၅း၄၅	၁၀။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	စိုက်ကြများများနွေစပါး ဝမ်းစာဖြိုးဝေ သိန်းနီမြေ
၆း၄၅	၁၄။	လက်တွဲဆောင်ရွက်အောင်မြင်ကျိုင်းတုံဒေသတစ်ခွင်
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ ဖန်ပန်းလှလှ(အပိုင်း-၁၅)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ ရှေ့နေ(အပိုင်း-၁၂)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

နယုန်မိုးအောက်မှ ပန်းချီကျော်ခုနစ်ဦးတို့၏ စုစည်းမှု (သို့မဟုတ်) ဟင်္သာတသားပန်းချီပြပွဲ

ရေးသားတင်ပြသူ
အောင်နိုင်ဦး(ကြေးမုံ)

ရန်ကုန် ဇွန် ၇

ရန်ကုန်ရောက် ဟင်္သာတဖွား ပန်းချီကျော်ခုနစ်ဦးတို့၏ ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ပန်းချီပန်းပု အရောင်းပြခန်းတွင် ခင်းကျင်းပြသလျက်ရှိသည်။ ပြသမည့်ရက်မှာဇွန် ၇ ရက်မှ ၁၃ ရက်အထိ၊ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီ။

ပြပွဲ၏အမည်ကို ထွေထွေထူးထူးပေးမထား။ **"ဟင်္သာတသားပန်းချီပြပွဲ"** ဟု ရိုးရိုးနှင့်ရှင်းရှင်း ပေးထားသည်။ ပြပွဲတွင်တင်ပြလာသည့် ဟင်္သာတသားပန်းချီ ဆရာမှာ ခုနစ်ဦးမျှသာ။ စင်စစ်သော်ကား ဟင်္သာတသည် အနုပညာရေခံမြေခံ အားကောင်းမောင်းသန်သည့် နေရာဒေသတစ်ခု ဖြစ်သည်။ ဟင်္သာတဖွား ပန်းချီကျော်များစွာ ရှိသည့်တိုင် အချိန်တိုအတွင်း လက်လှမ်းတစ်မီစုစည်း၍ ရနိုင်သမျှ တင်ပြရခြင်းဖြစ်ကြောင်း၊ ယခုအကြိမ်သည် ပထမဆုံး စုစည်းမိခြင်းဖြစ်၍ ပြပွဲဖြစ်မြောက်လာခြင်းကိုပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရကြောင်း၊ ယခုနှစ်ကို အခြေပြု၍ နောက်နှစ် နောက်နှစ်များတွင် ပိုမိုကျယ်ပြန့်ခမ်းနားစွာ ခင်းကျင်းပြသနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြပွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ချစ်စဖွယ်ဟန်ပန်

ဇော်ဝင်း(ငှက်ပျောသီး)၏လက်ရာ ချစ်စဖွယ် မြန်မာသမီးငယ်တစ်ဦး၏ ဟန်ပန်။

ကျေးလက်ကလေးငယ်များ

စိမ်းလန်းသော လယ်ယာမြင်ကွင်း နောက်ခံနှင့်ကျေးလက် ကလေးငယ်နှစ်ဦး၏အသွင်။

သပြေမြင့်သိန်း၏ လက်ရာ။

ဟင်္သာတသားပန်းချီပြပွဲတွင် ပန်းချီဆရာခုနစ်ဦးတို့က ပန်းချီကား စုစုပေါင်း ၇၅ ကား ပြသထားရာ သပြေမြင့်သိန်းက ဆီဆေး၁၄ ကား၊ ဇော်ဝင်း(ငှက်ပျောသီး)က ဆီဆေးနှစ်ကားနှင့် ရေဆေးနှစ်ကား၊ မင်းမောင်မောင်ရွှေက ဆီဆေး ၁၁ ကား၊ မင်းကြည်က ဆီဆေးကား ၂၀၊ နိုင်ကြီးက ဆီဆေးလေးကား၊ အောင်မြင့်က ဆီဆေးခုနစ်ကား၊ လှိုင်ဝမ်းက ဆီဆေး ၁၅ ကားတို့ဖြင့် ပါဝင်ခင်းကျင်းပြသကြသည်။ ဧည့်ပန်းချီဆရာအဖြစ် ဟင်္သာတမြို့နေ ပန်းချီဆရာတစ်ဦးဖြစ်သော ကျော်ဆန်းက ပုပ်ရဟန်းမင်းကြီး ဗင်နီဒစ်၏ပုံတူကောက်ရိုးပန်းချီတစ်ချပ်ပေးပို့တင်ပြထားသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

ရန်ကုန်မြို့တွင် ပန်းချီပြခန်းများစွာရှိသည်။ မြို့လယ်ပိုင်းတွင် လောကနတ်၊ အဇ္ဇော၊ FMI Centre စသည့် ပန်းချီပြခန်းများရှိသည့်အနက် ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းသည် ဈေးကွက်အနေအထားအရ ပန်းချီဆရာတို့ အနှစ်သက်ဆုံးနေရာတစ်ခုဖြစ်သည်။ သည်နေရာသည် ပြည်တွင်းပြည်ပဈေးဝယ်သူတို့ အရောက်အပေါက်များသည့်နေရာ၊ အလွယ်တကူ ဝင်ထွက်သွားလာလည်ပတ်လေ့ရှိသည့်နေရာဖြစ်ရာတစ်နှစ်ပတ်လုံးလည်း ပန်းချီပြပွဲများမပြတ်တမ်းရှိနေသည်။

"ကျွန်တော်တို့ ပြပွဲခင်းကျင်းပြသတဲ့အချိန်က ခရီးသွားရာသီချိန်မဟုတ်တဲ့အတွက်ပြည်ပဧည့်သည်ကိုတော့ သိပ်မျှော်လို့မရဘူး၊ ဒါပေမယ့် ပြပွဲပထမနေ့မှာပဲ ပြည်တွင်းက စိတ်ဝင်စားသူတွေရှိနေပြီ၊ ပြီးတော့ ဟင်္သာတအသင်းဝင်တွေထဲကလည်း ပန်းချီကားတွေဝယ်ယူမယ်လို့ ကြားသိရပါတယ်" ဟု ဆရာမင်းမောင်မောင်ရွှေက ပြောကြားသည်။

ပြပွဲတင်ပန်းချီကားအများစုမှာ ဆီဆေးပန်းချီကားများဖြစ်ကြပြီး ဈေးနှုန်းကပ်မထား၊ ပန်းချီကားခေါင်းစဉ် (Title) ဖော်ပြမထား၊ နံပါတ်ကလေးများသာ ကပ်ပေးထားသည်။ ကားအမည်နှင့်ဈေးနှုန်းကို သိလိုလျှင် ပြပွဲတာဝန်ခံထံ၌ တောင်းယူကြည့်ရှုနိုင်သည်။ ပန်းချီကားအများစုကို FEC ဖြင့် ဈေးနှုန်းသတ်မှတ်ထားကြောင်း တွေ့ရသည်။ မြန်မာ့ဓလေ့၊ မြန်မာ့ဝန်းကျင်ကို ရှုမြင်ခံစားရေးဆွဲထားသော ပန်းချီများ၊ မြန်မာ့ရိုးရာပန်းချီရေးနည်း၏ အငွေ့အသက်များ၊ စိတ်ခံစားမှုကို အဓိကထားသည့် ခေတ်ပေါ်ပန်းချီရေးဟန်များ ရေးနည်းရေးဟန်လက်ရာမွန်များစွာ စုစည်းပါဝင်နေသော ဟင်္သာတသားတို့၏ ပန်းချီပြပွဲတွင် ဈေးကွက်ဝင်မည့် အလားအလာကောင်းသည့် ပန်းချီကားများစွာ ပါဝင်နေသည်ဟု ထင်မြင်သုံးသပ်မိသည်။

ပြပွဲတင်ပန်းချီကားများအနက် ရောင်းရန်မဟုတ်သော ပန်းချီကားချပ်ကြီး ခြောက်ချပ်ကိုလည်း တွေ့ရသည်။ ဟင်္သာတ၏ အရောင်အသွေး၊ ဟင်္သာတ၏ အငွေ့အသက်၊ ဟင်္သာတ၏ ဇာတိရနံ့အချို့ကို ယင်းပန်းချီကားကြီးများထဲတွင်တွေ့ရသည်။ ဟင်္သာတမြို့နှင့်ပတ်ဝန်းကျင်မှ စေတီတော်၊ ရုပ်ပွားတော်များဖြစ်သည့် ဦးဘရဲဘုရား၊ ပဋ္ဌမုခမာရဇိန် ငါးမျက်နှာဘုရား၊ မဟာအတုလသကျရုံသီ ၁၀ထပ်ကြီးရုပ်ရှင်တော်မြတ်၊ တိလောက ဦးသျှောင်ရှင်ပင်သာလျောင်းရုပ်ရှင်တော်မြတ် (နတ်မော်ရွှေသာလျောင်းဘုရားကြီး)တို့ကို လက်ရာမြောက်စွာရေးဆွဲပူဇော်ထားကြပြီး ဟင်္သာတအသင်းသို့ပေးအပ်လှူဒါန်းထားကြောင်းသိရသည်။

"လွန်ခဲ့တဲ့ သုံးလလောက်က သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဟင်္သာတဇာတိဖွား ဆရာတော်ကြီးတွေကို ဂုဏ်ပြုပူဇော်တဲ့ပွဲမှာ ဟင်္သာတသူဟင်္သာတသားတွေ ဆုံစည်းမိခဲ့ကြတယ်။အဲဒီမှာစပြီး ဒီပန်းချီပြပွဲခင်းကျင်းပြသဖို့ စိတ်ကူးမိရာက ကျွန်တော်၊ ဆရာဦးမင်းကြည်နဲ့ ဆရာ မင်းမောင်မောင်ရွှေတို့ သုံးယောက် တိုင်ပင်ပြီး နောက်ထပ်ရန်ကုန်ရောက် ဟင်္သာတသား ပန်းချီဆရာတွေကို စုစည်းခဲ့ရာက ဒီပြပွဲဖြစ်မြောက်လာခဲ့ပါတယ်။ ဟင်္သာတပတ်ဝန်းကျင်က ဘုရားပုထိုးတွေကို တစ်ယောက်တစ်ကား

နိုင်ကြီးရေးဆွဲသည့် မိခင်မေတ္တာဖွဲ့ တိုင်းရင်းသူသားအမိ။

မြန်မာ့ရိုးရာပန်းချီရေးဟန်ဖြင့် ရေးဆွဲထားသော သူ့ရဲကောင်းလေးယောက်။ လှိုင်ဝမ်း၏လက်ရာ။

ရေးဆွဲပြီး ဟင်္သာတအသင်းကိုလှူဒါန်းဖို့ကိုလည်း ကျွန်တော်တို့စီစဉ်ဆောင်ရွက်ခဲ့ကြပါတယ်"ဟု ဆရာသပြေမြင့်သိန်းကပြောကြားသည်။

ပန်းချီပြပွဲတစ်ခုဖြစ်မြောက်လာရန် ကြိုးပမ်းအားထုတ်ရမှုအတိုင်းအတာမှာ ကြီးမားသည်။ ဟင်္သာတသားပန်းချီပြပွဲဖြစ်မြောက်ရန်အတွက်ဟင်္သာတအသင်း (ရန်ကုန်) နှင့် ဟင်္သာတမြို့မှ ရွှေရောဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတို့က အဓိကပံ့ပိုးကူညီမှုပြုခဲ့ကြကြောင်း သိရသည်။

ပြခန်းမှအထွက်မှာ နယုန်မိုးက သဲသဲမဲမဲရွာချသည်။ ဈေးသိမ်းပြန်ဗိုလ်ချုပ်ဈေးသူတို့ မိုးထဲလေထဲမှာ ရှုံ့ရှုံ့ရွဲ့ရွဲ့စိုကုန်သည်။ မိုးပွင့်မှုန်မှုန်တို့အောက်မှမြို့ရန်ကုန်သည် မြင်ကွင်းကျယ်ပန်းချီကားတစ်ချပ်သဖွယ် လှပနေသည်ဟု ထင်မြင်မိလေသည်။ ။

အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာလမ်းနေ ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ရီအား အမှူးထား၍ သားဖြစ်သူ ဦးကျော်လင်း၊ မြေး မောင်သံဒိုင်စိုး-မချိုချိုမာမိသားစုက အလှူငွေ ကျပ်တစ်သိန်းကို အင်းစိန်မြို့ ကွက်သစ်မာလာရာမဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အသင်းနာယက ဦးစိန်တင်၊ အတွင်းရေးမှူး ဦးကျော်သန့်တို့ လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။

(ကြေးမုံ)

ဇီဝမျိုးစုံမျိုးကွဲ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၇

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်(NCEA)နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် (UNEP)တို့ ပူးပေါင်းပြုလုပ်သော **"နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းဗျူဟာနှင့် လုပ်ငန်းစီမံချက်ရေးဆွဲရေးဆိုင်ရာ အစပျိုး အလုပ်ရုံဆွေးနွေးပွဲ"**ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ သစ်တောဦးစီးဌာန တော်ဝင်ခန်းမ၌ ကျင်းပရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လုပ်ငန်း၊ ဌာန၊ တက္ကသိုလ်နှင့် ဘာသာရပ်နှင့် ဆက်စပ်နေသော အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များသည် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှု စီမံချက်ရေးဆွဲရေးအတွက် စာတမ်းများဖတ်ကြားခြင်းနှင့် ဆွေးနွေးခြင်းပြုလုပ်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

ဇွန် ၆ ရက်က တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းကာ ကျောက်မြောင်းအရှေ့ရပ်ကွက်ရှိ အမက(၁၂)တွင် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်တားဆီးရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။

(ကြေးမုံ)

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်လေဘေးအတွက် ကူညီလှူဒါန်း

ရန်ကုန် ဇွန် ၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဧည့ဝတီ သာသနာပြုကျောင်းတိုက်၌ အခြေပြု စခန်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ဂွမြို့နယ် လေဘေးကူညီရေးကော်မတီ (ရန်ကုန်)မှ စုဆောင်းလက်ခံရရှိငွေ ကျပ်သိန်း၅၀ခန့်ဖြင့် ဝယ်ယူခဲ့သော အသုံးအဆောင်ပစ္စည်းများနှင့် အလှူရှင် အသီးသီးတို့၏ အဝတ်အထည်မျိုးစုံ စုစုပေါင်း ၃၅၀၀ခန့်တို့ကို ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ရင်(သံတွဲခရိုင်)က ဦးဆောင်၍ လေဘေးသင့်ဒေသသို့ သွားရောက်ကာ ပထမအကြိမ်အဖြစ် လှူဒါန်းပေးအပ်ပြီးဖြစ်သည်။

ဂွမြို့နယ် လေဘေးကူညီရေးစခန်းသို့ စေတနာရှင်များက နေ့စဉ်လာရောက် လှူဒါန်းလျက်ရှိကြရာ ဇွန် ၆ရက်တွင် တက်လမ်းဆောက်လုပ်ရေးမှ ဦးရှိန်ဝင်း၏ စည်းရုံးဦးဆောင်မှုဖြင့် အလှူရှင် ၁၅ဦးတို့က အလှူငွေနှင့်ဆေးဝါး အသုံးအဆောင် အဝတ်အထည်များကို လာရောက်လှူဒါန်းကြရာ ကော်မတီ နာယက ဦးအောင်ရွှေဦးနှင့် ဦးဘရွှေ တို့က ကျေးဇူးတင်စကားပြောကြား ကြသည်။ အလှူရှင်များဖြစ်ကြသော ဦးရှိန်ဝင်း–ဒေါ်ခင်ချိုဦးနှင့် ဦးဝင်း သိန်း–ဒေါ်ခင်တင့်ဝေတို့က ငွေကျပ် နှစ်သိန်းစီ၊ မစ္စတာ ဆူရီဆာဝါ– ဒေါ်သင်းသင်းတို့က ငွေကျပ်တစ်သိန်း တစ်သောင်း၊ ကိုပေါ–မမီးငယ်(ချစ်သူ ဗီဒီယို)တို့က ငွေကျပ်တစ်သိန်း၊ အောင်တမန်ဆေးတိုက်က ငွေကျပ် တစ်သိန်း သုံးသောင်းသုံးထောင့်ငါးရာ တန်ဖိုးရှိ တိုင်းရင်းဆေးမျိုးစုံ၊ ဒေါ်ခင် ဆွေတင့်(ဒီအိုင်စတိုး)နှင့် ကိုရီးယားအဖွဲ့ က ငွေကျပ်၁၂သိန်းတန်ဖိုးရှိ ကောင်ကျူ ရှိုင်း ရုပ်အင်္ကျီအထည် ၅၀၀နှင့် ဦးရှိန်ဝင်းမိသားစုတို့က ငွေကျပ် တစ်သိန်းငါးသောင်းတန်ဖိုးရှိ ရုပ်အင်္ကျီ အထည် ၁၀၀ အပါအဝင် အလှူငွေ စုစုပေါင်းငွေကျပ် ၉၆၀၀၀၀ အဝတ် အထည် ဆေးဝါးမျိုးစုံ အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀နှင့် သရုပ်ဆောင် ပပဝင်းခင်က အဝတ် အထည်မျိုးစုံ ၁၁၄ထည်တို့ ပါဝင်သည်။ ထို့အတူ ယခင်နေ့များက လာရောက် လှူဒါန်းကြရာ၌ ဦးမင်းလွင်–ဒေါ်ခင် အေးလှိုင်တို့က ငွေကျပ်တစ်သိန်း၊ ဦးမောင်အေး – ဒေါ်ခင်မြင့် တို့က ငွေကျပ်သုံးသိန်း၊ ပူစီကိတ်က ငွေကျပ် တစ်သိန်း၊ ဦးထွန်းဦး–ဒေါ်သန်းဆွေ တို့က ငွေကျပ် ကိုးသောင်းနှင့် ကျောက်တော်လူငယ် နာရေးကူညီမှု အသင်းက ငွေကျပ်တစ်သိန်းအပါအဝင် စေတနာရှင် ပြည်သူများ၏ အဝတ် အထည်များပါဝင်ပြီး လေဘေးကူညီ ရေး ကော်မတီကို ဇွန် ၁၅ရက်အထိ ဆက်လက် ဖွင့်လှစ်ထားရှိမည်ဟု သိရ သည်။

(သတင်းစဉ်)

ဂွမြို့နယ်လေဘေးအတွက် အလှူရှင်များက အလှူငွေ၊ ဆေးဝါးနှင့် အဝတ်အထည်များပေးအပ်လှူဒါန်းရာ ဂွမြို့နယ် လေဘေးကူညီရေး နာယက ဦးဘရွှေ လက်ခံစဉ်။ (သတင်းစဉ်)

စားအုန်းဆီတန်ချိန် ၂၇၀၀ ပါရှိသော MT Ama 3 သင်္ဘော ရန်ကုန်မြို့ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာစဉ်။ (သတင်းစဉ်)

စားအုန်းဆီတန်ချိန် ၂၇၀၀ပါ သင်္ဘောရောက်ရှိ

ရန်ကုန် ဇွန် ၇

နိုင်ငံတော်အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့မှ စားအုန်းဆီများကို မှာယူတင်သွင်းကာ အများပြည်သူသို့ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ စားအုန်းဆီတန်ချိန် ၂၇၀၀ပါ MT Ama 3 သင်္ဘောသည် ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။

အလားတူ ဇွန် ၁၂ရက်တွင် စားအုန်းဆီတန်ချိန် ၂၈၀၀ပါ သင်္ဘောတစ်စင်းနှင့် ဇွန် ၁၄ရက်တွင် စားအုန်းဆီ တန်ချိန် ၂၉၀၀ပါ သင်္ဘောတစ်စင်းတို့ ထပ်မံရောက်ရှိလာမည်ဖြစ်သည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၀၆–၂၀၀၇ခု ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ သီတာခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး ပညာသင် ထောက်ပံ့ကြေးငွေများနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့် သည်။ (သတင်းစဉ်)

တောင်သမန်သစ္စာ ရှေ့ဆောင်ရုံ၌ပြမည်

ရုပ်ရှင်

ရန်ကုန် ဇွန် ၇

ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံတွင် ပြသဆဲ တောင်သမန်သစ္စာ မြန်မာ ရုပ်ရှင်ကား တစ်ကားတည်းသာ ဆက်လက်ပြသနေပြီး လာမည့် သောကြာနေ့ ဇွန် ၉ရက်တွင် နိုင်ငံခြား ရုပ်ရှင်ကားသစ်များ ရုံတင်ပြသမည် ဖြစ်သည်။

တောင်သမန်သစ္စာမှာ လှိုင်ရုပ်ရှင် ထုတ်လုပ်ရေးမှ ကလျာ(ဝိဇ္ဇာ/သိပ္ပံ)၏ ဝတ္ထုကို ဒါရိုက်တာအကယ်ဒမီ မောင်နန္ဒ ရိုက်ကူးသည်။ တောင်သမန် သစ္စာဇာတ်ကားမှာ ရှေ့ဆောင်ရုပ်ရှင်ရုံ တစ်ရုံတည်းတွင်သာ ဆက်လက်ပြသ သွားမည်ဖြစ်သည်။ ၎င်းဇာတ်ကား တွင် ရန်အောင်၊ ရဲအောင်၊ ဒွေး၊ မေသန်းနု၊ နန္ဒာလှိုင်နှင့် နဝရတ်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ဒါရိုက်တာ Wolfgang Peterson ရိုက်ကူးသည့် Poseidon ဇာတ်ကားသစ် သောကြာ နေ့မှစ၍ ရုံတင်ပြသမည်ဖြစ်သည်။ ဇာတ်လမ်းမှာ မြောက်အတ္တလန္တိတ် သမုဒ္ဒရာအတွင်း ခုတ်မောင်းနေသော ပိုဆီဒွန်အမည်ရှိ အပျော်စီးသင်္ဘောကြီး လှိုင်းဒဏ်ကြောင့် နစ်မြုပ်ရာမှ ခရီးသည် များ အသက်ရှင်ရပ်တည်နိုင်ရေးကြိုးစား ရုန်းကန်ရပုံကို ပီပြင်စွာရိုက်ကူးထား သည့် သည်းထိတ်ရင်ဖိုဖွယ် ဇာတ်ကား တစ်ကားဖြစ်သည်။

ဇောရိုး

သမ္မတရုပ်ရှင်ရုံတွင် လူစွမ်းကောင်း ကြီး ဇောရိုး၏အကြောင်း ဇာတ်လမ်း ဆင် ရိုက်ကူးထားသည့် စွန့်စားမှု အသားပေး The Legend of Zorro ဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။

မံမီဇာတ်ကား

သွင်ရုံတွင် ဒါရိုက်တာ Stephen Sommers ဇာတ်ညွှန်းနှင့်ဒါရိုက်တာ အဖြစ် ရေးသားရိုက်ကူးသည့် The Mummy Returns ဇာတ်ကားပြသ မည်ဖြစ်သည်။ ရှေးဟောင်းအီဂျစ်ဘုရင် များ ခေတ်ကာလမှ ဇာတ်လမ်းကို မျက်မှောက်ခေတ်ကာလနှင့် ရောမွှေ ရိုက်ကူးထားသည့် သည်းထိတ်ရင်ဖို လှုပ်ရှားမှု အသားပေးဇာတ်ကား ဖြစ် သည်။

မင်္ဂလာရုံ

မင်္ဂလာရုံတွင် ဒါရိုက်တာ Paul W.S Anderson ရိုက်ကူးသည့် Alien Vs. Predator ဇာတ်ကြမ်းကား တင်ဆက်ပြသမည်ဖြစ်သည်။(ကြေးမုံ)

ရှေ့ဆောင်ရုံ၌ ပြသမည့် တောင်သမန်သစ္စာ ဇာတ်ကားမှ ဒွေး၊မေသန်းနုနှင့်နန္ဒာလှိုင်တို့၏ ဇာတ်ဝင်ခန်းတစ်ခန်းကိုတွေ့ရစဉ်။



ကမ်းလွန်ပင်လယ်ပြင်တွင် လှိုင်းကြီးနိုင်

၂၀၀၆ခုနှစ် ဇွန်လ ၇ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန် ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင် ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ကျောက်တော်မြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၆၉ လက်မ၊ မင်းဘူးမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မကွေးမြို့တွင် ၀ ဒသမ ၆၇ လက်မနှင့် မိတ္ထီလာမြို့ တွင် ၀ ဒသမ ၅၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

၂၀၀၆ ခုနှစ် ဇွန် ၈ရက် ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ရခိုင်ပြည်နယ်၊မွန်ပြည်နယ်၊ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီ တိုင်းတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်း အသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေ သည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ် ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၃ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်)	၆–၆–၂၀၀၆
အနိမ့်ဆုံးအပူချိန် ၁၈ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၆၅ ဒီဂရီဖာရင်ဟိုက်)	၇–၆–၂၀၀၆
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း	၇–၆–၂၀၀၆
နေပူသည့်နာရီပေါင်း ၃ ဒသမ ၂ နာရီခန့်	၆–၆–၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၇–၆–၂၀၀၆	၀ဒသမ၅၉လက်မ	၁ဒသမ၆၉လက်မ	၁ဒသမ၅၀လက်မ
၁–၁–၂၀၀၆ရက်မှ ယနေ့အထိ	၁၇ဒသမ၆၄ လက်မ	၂၃ဒသမ၅၀ လက်မ	၂၄ဒသမ၉၂ လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၆–၆–၂၀၀၆ ရက် ၁၆း၂၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀ မိုင်နှုန်း တိုက်ခတ်သည်။

တမူးမြို့ မြို့မဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် အထက်ကဘော်ဒေသရှိ အခြေခံပညာကျောင်း ၂၇ ကျောင်းသို့ ဒေါက်တာတင်ယုမိသားစုက ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် အခြေခံပညာကျောင်း ၂၇ ကျောင်းအတွက် ကျောင်းသုံးစာအုပ် တန်ဖိုးငွေကျပ် ၄၅သိန်း လှူဒါန်း

ရန်ကုန် ဇွန် ၇

တမူးခရိုင် တမူးမြို့မြို့မဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် အထက်ကဘော်ဒေသရှိ အခြေခံပညာကျောင်း၂၇ကျောင်းသို့ ရန်ကုန်မြို့နေ ဒေါက်တာတင်ယုမိသားစုက ဆဋ္ဌမအကြိမ်မြောက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ တန်ဖိုးငွေကျပ် ၄၅ သိန်းဖိုး လှူဒါန်းပွဲအခမ်းအနားကို မေ ၂၆ ရက်တွင် မြို့မရွှေကျင်ကျောင်းတိုက် ဇမ္ဗူသီရိကျောင်းဆောင်၌ ကျင်းပရာ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတသီရိ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအောင်သူရ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စေတနာအလှူရှင် ဒေါက်တာတင်ယုက တန်ဖိုးငွေကျပ် ၄၅ သိန်းဖိုးရှိ သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသုံးဖတ်စာအုပ် အစုံ ၁၅၀၅ စုံ၊ ဗလာစာအုပ် ဒါဇင် ၂၄၀၀ ပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) လူမှုရေးတာဝန်ခံ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်ထိန်က လက်ခံသည်။ (သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်းနှင့်ပထမတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်ရေးဆွဲ

ရန်ကုန် ဇွန် ၇

၂၀၀၆-၂၀၀၇ ဘောလုံးရာသီမြန်မာလိဂ် အဆင့်မြင့်တန်းနှင့် ပထမတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏရှိ အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်းတွင် ရေးဆွဲသည်။

အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း နှစ်အုပ်စုနှင့် သုံးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။

(က) အုပ်စုတွင် မြန်မာ့မီးရထား၊ သစ်တောရေးရာ၊ စီးပွား/ကူးသန်း၊ လယ်/ဆည်၊(ခ) အုပ်စုတွင် ပို့ဆောင်ရေး၊ ဘဏ္ဍာ/အခွန်၊ ဆောက်လုပ်ရေး၊ (ဂ) အုပ်စုတွင် မြို့တော်စည်ပင်၊ ပြည်ထဲရေး၊ စွမ်းအင်၊ ကာကွယ်ရေး၊ (ဃ) အုပ်စုတွင် လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းနှင့် လက်ရှိချန်ပီယံ ကမ္ဘောဇတို့ ပါဝင်ကြသည်။

အုပ်စုပွဲစဉ်များကို ဇွန် ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ (က) အုပ်စုနှင့် (ခ) အုပ်စုပွဲစဉ်များကို သုဝဏ္ဏကွင်းတွင်လည်းကောင်း၊ (ဂ)အုပ်စုနှင့် (ဃ) အုပ်စုပွဲစဉ်များကို အောင်ဆန်းကွင်းတွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ပထမတန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲတွင် အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုနှစ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ (က)အုပ်စုတွင် တပ်မတော်(လေ)၊ Royal Eleven၊ စက်မှု(၁)၊ သတ္တုတွင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ (ခ) အုပ်စုတွင် တပ်မတော်(ရေ)၊ တပ်မတော်(ကြည်း)၊ VIVA နှင့် ဝီရ အသင်းတို့ပါဝင်ကြသည်။

အုပ်စုပွဲစဉ်များကို ဇွန် ၂၆ ရက်မှ ဇူလိုင် ၁၆ ရက်အထိ လည်းကောင်း၊ ဆီမီးဖိုင်နယ် ပွဲစဉ်များကို ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲကို ဇူလိုင် ၂၅ ရက်တွင်လည်းကောင်း ကျင်းပမည်။ ပွဲစဉ်များကို ပဒုမ္မာကွင်း၌ ညနေ ၃ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ် ဖွင့်ပွဲအဖြစ် ယမန်နှစ် အဆင့်မြင့်တန်း အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်နှင့် ကွင်းပိတ်ရှုံးထွက် ချန်ပီယံစွမ်းအင်တို့ ဇွန် ၂၄ ရက်၌ အောင်ဆန်းကွင်းတွင် ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

ကမ္ဘာ့ဖလားပွဲ အကြိုသတင်းများ

ရိုနယ်လ်ဒို ပြန်လည်ကောင်းမွန် ဘရာဇီးအသင်းတွင် ပါဝင်လေ့ကျင့်

ကွန်းနစ်စတိန်း(ဂျာမနီ) ဇွန် ၇

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်မည့် ဘရာဇီးအသင်းမှ တိုက်စစ်မှူး ရိုနယ်လ်ဒိုသည် ခြေထောက်တွင် ရည်ကြည်ဖုပေါက်သည့်ဝေဒနာမှ ပြန်လည်ကောင်းမွန်လာပြီးနောက် အင်္ဂါနေ့က လေ့ကျင့်ရေးကွင်းတွင် ပါဝင်ကစားခဲ့ကြောင်း ဇွန် ၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ရိုနယ်လ်ဒိုသည် ပြီးခဲ့သည့်တနင်္ဂနွေနေ့က ကျင်းပသော ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် နယူးဇီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားစဉ်အတွင်း ခြေထောက်တွင် ရည်ကြည်ဖုများ ထွက်လာသဖြင့် ပွဲကစားချိန် တစ်ဝက်တစ်ပြက်ဖြင့် ကစားမှုကို ရပ်ဆိုင်းခဲ့ရသည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့နှောင်းပိုင်းက ဂျာမနီနိုင်ငံသို့ ရောက်ရှိလာချိန်နောက်ပိုင်း ဘရာဇီးအသင်း၏ ပထမဆုံးသော လေ့ကျင့်ကစားသည့်ပွဲတွင် ရိုနယ်လ်ဒို ပါဝင်ခဲ့သည်။ ရိုနယ်လ်ဒို၏ အခြေအနေမှာ ပြန်လည်ကောင်းမွန်နေပြီဖြစ်ကြောင်း ဘရာဇီးအသင်းဆရာဝန် ဟိုဆေးလူးဝစ်ရွန်ကိုက သတင်းထောက်များအား ပြောကြားခဲ့သည်။ **အင်တာနက်။**

လေ့ကျင့်ရေးကွင်းတွင် ပါဝင်ကစားနေသည့် ဘရာဇီးတိုက်စစ်မှူး ရိုနယ်လ်ဒို (အလယ်လူ) **အား တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာ့ဖလား အဖွင့်ပွဲ မကစားမီ နာမည်ကျော် ဘောလုံးသမားများ စုဝေးချီတက်မည်

မြူးနစ် ဇွန် ၇

ပီလီနှင့်ဒီယေဂို မာရာဒိုနာတို့အပါအဝင် ကမ္ဘာ့ဖလားအောင်ပွဲရ အားကစားသမား ၁၇၀ သည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သောကြာနေ့အဖွင့်ပွဲစဉ်အဖြစ် ဂျာမနီအသင်းနှင့် ကော်စတာရီကာအသင်းတို့ ယှဉ်ပြိုင်ကစားခြင်း မပြုမီ အလိုင်းယင့်ဇ် အာရီနာ အားကစားကွင်း၌ စုဝေးချီတက်ကြမည်ဖြစ်ကြောင်း ဇွန် ၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

သယ်ဆောင်ယူလာမည်

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပထမဆုံးသောပွဲ မကျင်းပမီ ပြုလုပ်မည့် အခမ်းအနားတွင် ဘရာဇီးအသင်းနှင့်အတူ အောင်ပွဲသုံးကြိမ်ရခဲ့ဖူးသူ ပီလီနှင့် ဂျာမနီစူပါသရုပ်ပြမယ် ကလော်ဒီရာရှစ်ဖာတို့က ကမ္ဘာ့ဖလား ချန်ပီယံဆုဖလားကို အားကစားကွင်းအတွင်းသို့ သယ်ဆောင်ယူလာမည်ဖြစ်သည်။

တရားဝင်ဖွင့်လှစ်ပေးမည်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကဲလ်က တရားဝင်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံသမ္မတ ဟို့စ်ကိုယာလာကလည်း အားကစားသမားများကို ကြိုဆိုနှုတ်ခွန်းဆက်သည့်စကား ပြောကြားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။ **အင်တာနက်။**



ကမ္ဘာကျော် ဘောလုံးသမားများဖြစ်သည့် ပီလီ (ဝဲ) **နှင့် မာရာဒိုနာ။** *(ဓာတ်ပုံ-အင်တာနက်)*

အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့ရှိ ဘူပါဆေးရုံတွင် ပုံရိပ်ဖော်ဓာတ်မှန်ရိုက်ကူးမှုခံယူပြီးနောက် ပြန်လည်ထွက်ခွာလာသော ဝိန်းရူနီကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပုံရိပ်ဖော်ဓာတ်မှန်ရလဒ်များ တိုက်စစ်မှူး ဝိန်းရူနီစောင့်ဆိုင်းနေ

မန်ချက်စတာ ဇွန် ၇

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်း၏ အားအထားရဆုံး တိုက်စစ်မှူးတစ်ဦးဖြစ်သူ ဝိန်းရူနီသည် ခြေထောက်အရိုးကျိုးသည့် ဒဏ်ရာအတွက် ပုံရိပ်ဖော်ဓာတ်မှန်ရလဒ်များကို စောင့်ဆိုင်းလျက်ရှိကြောင်း၊ အကယ်၍ ကျန်းမာရေးစစ်ဆေးချက် ရလဒ်များမကောင်းပါက ၎င်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့်လွဲရမည်ဖြစ်ကြောင်း ဇွန် ၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဝိန်းရူနီသည် ပုံရိပ်ဖော်ဓာတ်မှန်ရိုက်ရန် အင်္ဂလန်သို့ ဗုဒ္ဓဟူးနေ့က ထွက်ခွာသွားပြီဖြစ်သည်။ ဝိန်းရူနီ၏ ခြေထောက်အခြေအနေနှင့် ပတ်သက်၍ ပုံရိပ်ဖော်ဓာတ်မှန်ရိုက်မှုရလဒ်များကို အင်္ဂလန်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့မှ ဆရာဝန်များက ကြည့်ရှုလေ့လာကာ ရောဂါစစ်တမ်းထုတ်မည်ဖြစ်သည်။

ဝိန်းရူနီသည် ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားစဉ်အတွင်း ဧပြီ ၂၉ ရက်က ခြေထောက်ကျိုးသည့် ဒဏ်ရာကိုရရှိခဲ့ရာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ခွင့်မရနိုင်တော့ဟု အများကထင်မှတ်ခဲ့ကြသည်။ သို့ရာတွင် ဝိန်းရူနီ လျင်မြန်စွာနာလန်ထူလာမည်ဟူသော မှန်းဆချက်ဖြင့် အင်္ဂလန်အသင်းနည်းပြ ဆဗင်ဂိုရန်အဲရစ်ဆင်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ဝိန်းရူနီကို ရွေးချယ်ခဲ့သည်။ **အင်တာနက်။**

မရမ်းကုန်းမြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇွန် ၇

ဇွန် ၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် သံသုမာလမ်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရှိ မော်တော်ယာဉ်ဝင်းအတွင်း၌ မြေလတ်သားဦးခိုင်စိုးငှားရမ်းထားသော ပေ(၃၀ X ၅၀)အုတ်ပတ်ကား၊ အုတ်ကြွပ်မိုး၊ အဆောက်အအုံရှေ့၌ ယာဉ်မောင်း တင်ငွေမောင်းနှင်သည့် ဓာတ်ဆီဘောက်ဆာ ၃၂၀၀ ဂါလန်ဆံ့ (န/၈၇၆၇) နီဆန်းကား၌ တပ်ဆင်ထားသော ဟွန်ဒါစက်ကလေးကို စက်နှိုးရာမှ မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် ဓာတ်ဆီဘောက်ဆာတစ်စီး၊ ဓာတ်ဆီဂါလန် ၈၀၀၊ အဆောက်အအုံတစ်လုံး စုစုပေါင်းငွေကျပ် ၃၈၂၅၀၀၀ ခန့် ဆုံးရှုံးခဲ့ပြီး လူတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါနေ့ ည ၁၁ နာရီခွဲတွင် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် အမှတ်(၄)ရပ်ကွက်၌ အိမ်ရှင် မြတ်မွန်ထွန်း (ဘ) ဦးထွန်းရွှေ၏ အိမ် မီးဖိုမီးကြွင်းမီးကျန်မှ စတင်မီးလောင်ကျွမ်းသည်။ မီးလောင်မှုကို သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၄ ဦးတို့ စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံး မီးလောင်ခဲ့ပြီး ငွေကျပ် ၁၂၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

(ဃ)အုပ်စု အသင်းများ၏ ကစားကွက်နည်းဗျူဟာ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

အုပ်စု(ဂ)ကို "မရဏအုပ်စု" ဟု ခေါ်လျှင် (ဃ)အုပ်စုသည် ဆန့်ကျင်ဘက် ဖြစ်သည်။

နည်းပြဆရာ လာဗော်လ်ဗီ၏ မက္ကဆီကိုအသင်းသည် နပျိုသော အသင်းတစ်သင်းဖြစ်သည်။ မက္ကဆီကိုနှင့်အတူ အင်ဂိုလာ၊ ပေါ်တူဂီ၊ အီရန် အသင်းများ တစ်အုပ်စုတည်းအတူကျသည်။ သို့ဖြစ်၍ (ဃ)အုပ်စုသည် အုပ်စုချောင်သော အုပ်စုတစ်စုဖြစ်သည်။

ဤအုပ်စုတွင် အီရန်နှင့် အင်ဂိုလာ အသင်းများ အုပ်စုမှ ထွက်နိုင်သည်။ လေ့လာအကဲခတ်သူများက မက္ကဆီကိုနှင့် စကိုလာရီ၏ ပေါ်တူဂီအသင်းတို့ အုပ်စုမှ ကျွတ်ထွက်နိုင်သည်ဟု ဆိုကြသည်။

လာဗော်လ်ဗီသည် မက္ကဆီကိုအသင်းအား ကစားကွက် အမျိုးမျိုး ချ၍ စမ်းသပ်ခဲ့သည်။ အစပိုင်းတွင် နောက်တန်းသုံးဦး အမာခံကစားသည့် ၃-၅-၂ စနစ်ကို ကျင့်သုံးကစားသည်။ တစ်ဖန်ကွင်းလယ်ခြောက်ဦး

ဘောလုံးသမားတော်တော်များများသည် ဂျာမနီ၌ အခြေစိုက် ကစားနေသူများ ဖြစ်သည်။ အက်စ်ဗီဟမ်းဘတ်မှ မဟာဒီမာဒါဗစ်(စ်)ကီးယား၊ ဟန်နိုဘာ၏ တိုက်စစ်မှူး ဗာဟစ်(ဒ်)ဟာရှီမိန်း၊ ဘိုင်ယန်မြူးနစ်မှ အလီဒါရီမီ၊ ကိုင်ဇာ

ထားကစားသော စနစ်ကို ပြောင်းလဲကစားသည်။ နောက်ဆုံး ၄-၂-၄ စနစ်ဟောင်းကို အထိုင် ချကစားပြန်သည်။ ဤစနစ်ကို ကော်စတာရီကာနှင့်ပွဲတွင် ကစားရာ အောင်မြင်မှုရသည်။

ပြီးခဲ့သော နွေရာသီတွင် ကစားခဲ့သောပွဲများ၌ မက္ကဆီကိုသည်ပရိသတ်များကို အံ့သြသွားအောင် ကစားသွားသည်။ ထို့အပြင် သတ္တိရှိရှိ ကစားရဲသည်။ နည်းပြဆရာ လာဗော်လ်ဗီသည် ခြေစစ်ပွဲတစ်လျှောက် ပွဲရလဒ်များကို ပြောင်းပြန်လုပ်ပြလေ့ရှိသည်။ ဤအချက်က သူ၏ ကိုယ်ပိုင်ဟန်ကဲ့သို့ ဖြစ်နေသည်။

ပွဲဦးထွက်ပွဲတွင် မက္ကဆီကိုသည် အီရန်နှင့် ကစားရမည်။ အီရန်အသင်းသည် ပြင်ဆင်ချိန် အနည်းငယ် သာရရှိသည်။ နိုင်ငံရေးကိစ္စများနှင့် ရှုပ်ထွေးနေသလို ကလပ်အသင်းများကလည်း လက်ရွေးစင်အသင်းသို့ လွှတ်ပေးရန် နှောင့်နှေးကြန့်ကြာခဲ့သည်။ မည်သို့ပင်ဖြစ်စေ နည်းပြဆရာ အီဗန်ကိုဗစ်သည် ပြိုင်ပွဲအပေါ်တွင် အာရုံစိုက်ထားသည်။ အီရန်အသင်း ဒုတိယရှုံးထွက်အဆင့်သို့ ရောက်ရှိနိုင်သည်ဟု နားလည်ထားသည်။

"အီရန်အသင်းကို စုစည်းဖို့အတွက် ခက်ခက်ခဲခဲကြိုးစားခဲ့ရတယ်။ ဘွန်ဒက်လီဂါပြိုင်ပွဲတွေ မပြီးမချင်း စောင့်နေရတယ်။ပြီးမှပဲစုလို့ရတော့တယ်။ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲကို ရောက်အောင်လုပ်ဖို့ပဲ"ဟု နည်းပြက ထုတ်ဖော်ပြောသည်။

အီရန်အသင်းမှာ အရည်အသွေးကောင်းသော ကစားသမားများရှိသည်။

ပေါ်တူဂီအသင်းနည်းပြ လူးဝစ် ဖိလစ်စကိုလာရီ။

စလော့တန်မှ ဖေးရီဒုန်း၊ ဖန်ဒီတို့ဖြစ်သည်။၎င်းကစားသမားများသည် အီရန်အသင်း၏ အဓိက ကစားသမားများ ဖြစ်သည်။ နိုင်ငံတကာအဆင့်မီပြီး ထင်ရှားကျော်ကြားသော အလီဒါယီလည်း ရှိသည်။ နည်းပြဆရာအိုင်ဗန်ကိုဗစ်က အသင်းအား ၄-၄-၂ ပုံစံချ၍ ကစားသွားမည် ဖြစ်သည်။

ဂမ်ဆိုင်း

နည်းပြက ၄-၂-၃-၁ အထိုင်ချကစားဖို့လုပ်ထားသည်။ အခြေအနေအရ လိုအပ်လာခဲ့လျှင် ၄-၄-၂ပုံစံ ပြောင်းကစားရန်လည်း စီမံထားသည်။ တိုက်စစ်မှူး ပေါ်လက်တာ၏ နောက်မှ လိုက်ပါ တွဲဖက်ကစားမည့်သူက ဒေကိုဖြစ်သည်။ ဖီးလစ်ဖီဂိုက သူတို့နှစ်ဦးနှင့်အတူ မေးလိုက်ကစားမည်။

အင်ဂိုလာအနေဖြင့်ယခုကမ္ဘာ့ဖလား ပြိုင်ပွဲတွင် အောင်ပွဲခံစရာအကြောင်း အနည်းငယ်သာရှိသည်။ ၃၂သင်းထဲ၌ အားအနည်းဆုံးအသင်းများထဲတွင် ပါဝင်သည်။ အင်ဂိုလာအသင်းသား အတော်များများသည် ပေါ်တူဂီတွင် ကစားနေကြသူများဖြစ်သည်။ ပေါ်တူဂီအသင်း၌ နာမည်ကြီးကစားသမားများသည် အင်ဂိုလာမှဖြစ်သည်။ ဇွန် ၁၁ ရက်၌ အင်ဂိုလာသည် ပေါ်တူဂီနှင့် ကိုလုံးတွင် ကစားရမည်။



ပေါ်တူဂီ လက်ရွေးစင်ဘောလုံးအသင်း ရှေ့တန်းတိုက်စစ်မှူး ခရစ္စတီယာနိုရိုနယ်ဒိုအား တွေ့ရစဉ်။

အရေးပါသော မှတ်တမ်းမှတ်ရာများနှင့် ချိန်ထိုးကြည့်လျှင် ပေါ်တူဂီအသင်းသည်ရှေ့တစ်ဆင့်တက်စရာ အကြောင်းမရှိပေ။ သို့သော် ဖိလစ်စကိုလာရီ၏ ကစားသမားများက ဤအုပ်စုကို စိုးမိုးချုပ်ကိုင်နိုင်သော အနေအထားရှိသည်ဟု ယူဆရသည်။ ပေါ်တူဂီအသင်းသည် အုပ်စုပွဲစဉ် ဆွဲရာတွင် ဦးစားပေးအဆင့်ရှိသော အသင်းတစ်သင်းမဟုတ်ချေ။ အီရန်နှင့် အင်ဂိုလာကို သက်သောင့်သက်သာနှင့် အနိုင်ကစားပြီး ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲသို့ တက်နိုင်သော ကံတရားပါလာသည်ကို စကိုလာရီ နားလည်လိုက်သည်။

ပေါ်တူဂီအသင်း၏ ရှေ့တန်းတိုက်စစ်မှူးမှာ ပီအက်(စ်)ဂျီမှ ပေါ်လက်တာဖြစ်သည်။ စကိုလာရီက "ပြိုင်ပွဲကို နိုင်ရမယ်ဆိုတဲ့ စိတ်နဲ့သွားမယ်။ အသင်းအပေါ်ဖိအားတွေမရှိစေချင်ဘူး။ ဒီအုပ်စုထဲကျတာ ကံကောင်းတာပဲ။ ဒုတိယရှုံးထွက်အဆင့်တက်နိုင်တယ်" ဟုပြောသည်။

ပေါ်တူဂီအသင်းအဖို့ အန္တရာယ်ဖြစ်ပါသည်။

အင်ဂိုလာ၏ တောင်ပံတိုက်စစ်မှူး ဂဲလ်ဘာတို ဒဏ်ရာရလိုက်ခြင်းသည် အသင်းကိုများစွာ ထိခိုက်နစ်နာစေသည်။ထို့ကြောင့်အသင်းခေါင်းဆောင် အက်စ်ဝါပေါ်တွင် အားပြုထားသည့် နည်းပြဆရာ ဂွန်ကာလ်ဗက်စ်က ၄-၅-၁ နှင့် ၄-၄-၂ ပုံစံချထားသည်။

နည်းပြဆရာကို အင်ဂိုလာ ပြည်သူများက "ပါမောက္ခ"၊ "အံ့ဖွယ်လူသား" ဟုခေါ်ကြသည်။ နိုင်ငံအတွက် အားသွန်ခွန်စိုက် ကစားပေးရန် စိတ်ဓာတ်နည်းနေသော အင်ဂိုလာအသင်းကို နည်းပြက အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ပေးခဲ့ပြီဖြစ်သည်။ ယခုတစ်ဖန် ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း သူ၏ ဂုဏ်ရှိန်အဆင့်အတန်းကို မြှင့်တင်ရန် အကောင်းဆုံး စွမ်းဆောင် ပြလိမ့်မည်ဟု သုံးသပ်မိပါသည်။

အီရန် လက်ရွေးစင်ဘောလုံးအသင်း၏ အားထားရသော အလီဒါရီမီ၏ ကစားဟန်။

ကွယ်လွန်သူ ဒေါက်တာဦးစံမြင့်အားရည်စူး၍ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းလမ်းနေ ဒေါ်လှလှ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ဒွိပိဋက ဆရာတော် ဘဒ္ဒန္တ ဇဋိလထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် နှစ်ဖက်မိဘများအားအမှူးထား၍ ဦးထွန်းရှိန်-ဒေါ်ခင်သီတာဦး၊ သား၊ သမီး၊ မြေးများက ဒေါ်ခင်သီတာဦး၏ (၆၃)နှစ်မြောက် မွေးနေ့အလှူတော်ငွေ ကျပ်တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ မေ ၂၄ ရက်က ပေးအပ်လှူဒါန်းစဉ်။(ကြေးမုံ)

ပုညာရာမဆရာတော်ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညာနန္ဒအရှင်သူမြတ်အား တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ပူဇော်ပွဲကို ၁၃၆၈ခုနှစ်(နယုန်လပြည့်နေ့) ဇွန် ၁၀ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲတွင် ပင့်သံဃာ၁၀၈ပါးတို့ကို လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ဆရာတော်ကြီး၁၀၈ပါးတို့အား ပူဇော်ခြင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ကွယ်လွန်သူမိဘများနှင့် ဇနီးဒေါ်ကျင်သိန်းတစ်နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်ဝတ်ကျောင်းလမ်းနေ အင်ကြင်းဖြူစတိုးမှ ဦးမြသန်းနှင့် သားသမီးမိသားတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ဆေးပဒေသာပင်အလှူငွေကျပ်နှစ်သိန်း ငါးသောင်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့-အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

အင်းစိန်နှင့် ပန်းဘဲတန်း မြို့နယ်တို့တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇွန် ၇

ဇွန်၅ရက်နံနက်၉နာရီ၃၅မိနစ်တွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ကြို့ကုန်းအနောက်ရပ်ကွက်၊ မမာဦးလမ်း၊ အမှတ်(၅၅၁)နေ အိမ်ရှင်ဦးအေးရွှေ-ဒေါ်ချစ်ဥနေအိမ်(မွေ့ရာလုပ်ငန်း)တွင် လဲမှို့များကို မော်တာဖြင့် အပူပေးရာမှ စတင် မီးလောင်ကျွမ်းရာ မီးလောင်မှုကြောင့် အိမ်သုံးလုံးမီးလောင်ခံရပြီး အိမ်ထောင်စုခုနစ်စုမှ လူဦးရေ ၇၁ဦး မီးဘေးဒုက္ခရောက်ကာ တန်ဖိုးငွေကျပ် ၅၀၀၀၀၀ခန့်ဆုံးရှုံးသည်။

အလားတူ ဇွန် ၆ရက် နံနက် ၈ နာရီ ၂၂မိနစ်တွင် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် (၇)ရပ်ကွက်၊ ၂၉လမ်းထိပ်၊ မဟာဗန္ဓုလလမ်းပေါ်ရှိ အမှတ်(၄၉၄)၊ ပိုင်ရှင်ဒေါ်မြကြည် နေအိမ်(ရောဝတီမိတ္တူနှင့်မျက်မှန်ဆိုင်)တွင် အဲယားကွန်းမှ ဝါယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းရာ မီးလောင်မှုကြောင့် အဲယားကွန်း၊ ကက်ဆက်နှင့် မွေ့ရာများ မီးလောင်ခံရပြီး တန်ဖိုးငွေကျပ် ၅၀၀၀၀ ခန့် ဆုံးရှုံးသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ ဒေးဗစ်၊ ဂွာဒီယား၊ ဗားရီးလားသည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမား သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒေးဗစ်၊ ဂွာဒီယား၊ ဗားရီးလားအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ခန့်အပ်လွှာ ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမား သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာဒေးဗစ်၊ ဂွာဒီယား၊ ဗားရီးလားက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ခေါင်းကြီး၊ဆောင်းပါးအညွှန်း

☆ *သွေးတိုးရောဂါသည် နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါများကို ဖြစ်စေနိုင်သော အဓိကအကြောင်းရင်း ရောဂါတစ်ခုဖြစ်သည့်အပြင် ရောဂါလက္ခဏာမရှိဘဲ ရုတ်တရက် သေဆုံးနိုင်သည်။ အဆိုပါရောဂါရှိသူများသည် ခေါင်းကိုက်ခြင်း၊ မျက်စိဝေခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မောဟိုက်ခြင်းလက္ခဏာများရှိနိုင်၍ အခါအားလျော်စွာ သွေးပေါင်ချိန်စစ်ဆေးသင့်သည်။*

ခေါင်းကြီး (စာမျက်နှာ–၂)

☆ *မေလဆန်းမှာ မိုးကတစ်ပြိုက်နှစ်ပြိုက်ရွာပြီးစ၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ခြေချမိသည်နှင့် မျက်စိအေး၊ နားအေး အရသာကို ဦးစွာခံစားမိသည်။....နန်းမြင့်မျှော်စင်အောက်ဆုံးထပ်၌ "နန်းမြင့်ယဉ်ကျေးမှုပြတိုက်" တည်ဆောက်နေမှုအခြေအနေကို ဝင်ရောက်ကြည့်ရှုလေ့လာခဲ့သည်။ ယင်းလုပ်ငန်းပြီးစီးသွားပါက ဒေသအထိမ်းအမှတ် နံရံဆေးရေးပန်းချီကားများ၊ သစ်ထွင်းပန်းချီများ၊ တွေ့ရမြင်ရခဲ့သည့် တိုင်းရင်းသားရိုးရာ အသုံးအဆောင်ပစ္စည်းများကို တစုတစေးတည်း ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။*

မြင့်စိုး(နတလ)၏ **"စိတ်ဝင်စားဖွယ်ရာ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ"**

ဆောင်းပါး (စာမျက်နှာ–၃)

အင်တာနက်နှင့် အနုပညာသတင်းများ



သိပ္ပံပညာရှင်များသည် ဆယ်စုနှစ်ပေါင်းများစွာ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ယခုအချိန်အထိ ပေါ်ထွက်ခဲ့ဖူးသမျှ စိန်များအနက် အပြစ်အနာအဆာ အနည်းဆုံး ဓာတုဗေဒစိန်များကို ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ **အင်တာနက်သတင်းအပြည့်အစုံ၊ (စာမျက်နှာ–၇)တွင်**

ဟသ်ာတသည် အနုပညာ ရေခံမြေခံ အားကောင်းမောင်းသန်နေရာ ဒေသတစ်ခုဖြစ်သည်။ ရန်ကုန်ရောက် ဟသ်ာတသား ပန်းချီဆရာ ခုနစ်ဦးတို့၏ စုစည်းမှုဖြင့် "ဟသ်ာတသား"အမည်ရှိ ပန်းချီ အနုပညာပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ပန်းချီပန်းပုပြခန်းတွင် ခင်းကျင်းပြသလျက်ရှိရာ...

ဟသ်ာတသားပန်းချီပြပွဲ
(စာမျက်နှာ–၁၀) တွင်